# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့အလယ် မြန်မာ့ဂုဏ် ဝင့်ထည်စေသော
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူလူထုများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်



နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk မြို့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကောင်စီဝင် ဦးမောင်းဟာ၊ ဦးစောဒန်နီယယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

## သောင်းသောင်းဖြဖြ ကြိုဆို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား "(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းကိုင်ဆောင်၍ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

သတင်းစဉ်



မြန်မာ့အလင်း

## မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှု မိတ်ဆွေရင်းချာ ထာဝရတည်တံ့ခိုင်မာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ရုရှား နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို သယ်ဆောင်၍ အမိနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

အရှေ့ဖျားစီးပွားရေးဖိုရမ် (EEF) သည် ရုရှားအရှေ့ဖျားဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာရှ-ပစိဖိတ်ဒေသနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်ကာ ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် (၇) ကြိမ်မြောက် အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဥရောပအရှေ့ပိုင်းနှင့် အာရှမြောက်ပိုင်းဒေသများ ပါဝင်နေသည့် ကမ္ဘာပေါ်တွင် နယ်မြေအကျယ်ဝန်းဆုံး နိုင်ငံကြီးဖြစ်ပြီး လူဦးရေအားဖြင့် နဝမမြောက် အများဆုံးနိုင်ငံဖြစ်သည်။ မော်စကို၊ စိန့်ပီတာစဘတ် စသည့် နိုင်ငံ၏မြို့တော်ကြီးများမှာ ဘောလ်တစ်ပင်လယ်နှင့် ထိစပ်နေသည့် ဥရောပအပိုင်းတွင် တည်ရှိနေကြသည်။ ရုရှားအရှေ့ဖျားဒေသမှာ အာရှတိုက်၏ အရှေ့မြောက်ပိုင်းတွင် တည်ရှိပြီး မော်စကိုမှ ရထားဖြင့် ခုနစ်ရက်ခရီးခန့် ဝေးကွာသည်။ ၂၁ ရာစုတွင် ကမ္ဘာ့အချက်အချာသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ဟုန်ထိုးမြင့်မားလာသည့် အာရှတိုက်သို့ ရွေ့လျားလာခဲ့ရာ ရုရှားအရှေ့ဖျားဒေသကို အာရှနိုင်ငံများ၊ အာရှ-ပစိဖိတ် နိုင်ငံများနှင့် ချိတ်ဆက်ရာ၌ ဗဟိုချက်အဖြစ်အသုံးချ၍ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာ့စီးပွားရေး ပေါင်းစည်းနိုင်မှုအထိ ရည်ရွယ်ကာ ရုရှားက မဟာဗျူဟာချမှတ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရာတွင် လည်းကောင်း၊ အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးတွင် ပါဝင်တက်ရောက်ဆွေးနွေးရာတွင် လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှသည်အမျိုးသားအကျိုးစီးပွား ဖော်ဆောင်နိုင်ရေးအတွက် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ခြင်း ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် သိရှိကြရပြီးဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်တစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများ၊ လေ့လာမှုများအားလုံးတို့က နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာ ရလဒ်ကောင်းများ ပေါ်ထွက်လာစေခဲ့သည်။

လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး (၇၅) နှစ် ပြည့်မြောက်မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်းဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးရာ၌ ပြောကြားခဲ့ရာ မြန်မာနိုင်ငံအပေါ် အလေးဂရုပြုမှုကို ကမ္ဘာသိ ထင်ရှားစွာ ပြသလိုက်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းမှုနှင့် အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခွင့်အလမ်းများ ပေါ်ထွက်စေခဲ့သည့် အောင်မြင်သောခရီးစဉ် ဖြစ်ပါကြောင်း။ ။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ရှိ သဘာဝတရားရိပ်သာ၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စလွန်အော်ငယ်ကျေးရွာရှိ ငြိမ်းချမ်းအောင် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ ကံဆယ်ကမ္မဋ္ဌာန်း ကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ရေပြာကျေးရွာရှိ ထီးလှိုင်ရှင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ရတနာသိင်္ဂီသီလရှင်စာသင်တိုက်နှင့် မော်လမြိုင်ကျွန်းမြို့ စွန်းလွန်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကြို့တဲကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဘူးသီးတောင်မြို့ မြစေတီဘုန်းတော်ကြီးကျောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရတနာပုံကျောင်းတိုက် အေးရိပ်မွန်သီလရှင်စာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်ရှိ ဓမ္မဇေယျာသီရိ မိဘမဲ့သီလရှင်ကျောင်း၊ တကောင်းမြို့နယ် ချမ်းသာကြီး ဘုန်းတော်ကြီးကျောင်း၊ မတ္တရာမြို့ အင်ကြင်းမြိုင်ကျေးရွာရှိ ဓနသိဒ္ဓိဘုန်းတော်ကြီးကျောင်းနှင့် စဥ့်ကူးမြို့နယ် လက်ပံလှကျေးရွာရှိ သောတဇန ဘုန်းတော်ကြီး ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများကို အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက အလှူငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ သွားရောက် လှူဒါန်းခဲ့ကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Myancopharm၊ Sinovac နှင့် Sinopharm ဆေးများကို ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့သို့ Myancopharm ဆေး ၁၂၀၂၇ လုံး၊ Sinovac ဆေး ၆၄၁၇ လုံး၊ Sinopharm ဆေးအလုံး ၉၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ **မိုး/ဇလ**

## မဲဇလီကုန်းမြို့၌ နှာခေါင်းစည်းဝေငှခြင်းနှင့် ပလတ်စတစ်မသုံးစွဲရေး အသိပညာပေး

**အင်္ဂပူ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ဈေး၌ ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဈေးရောင်း၊ ဈေးဝယ်များနှင့် လမ်းသွားလမ်းလာ ပြည်သူများကို နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် ပလတ်စတစ်မသုံးစွဲရေး အသိပညာပေး ဆောင်ရွက်သည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးတို့က ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ လမ်းသွား လမ်းလာပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများ ဝေငှပေးပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားသည့် အတွက် ပလတ်စတစ် သုံးစွဲမှုမရှိစေရေး ကြည့်ရှုစစ်ဆေး အသိပညာပေးသည်။

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဝေငှခြင်း၊ ပလတ်စတစ် သုံးစွဲမှုမရှိစေရေး အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းထံမှ သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

❍ *ရှေ့ဖုံးမှ*

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများပြန်လည် လိုက်ပါလာခဲ့ကြသည်။

**အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်**

ခရီးစဉ်အတွင်း (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ပြည်နယ်၊ Buryatia ပြည်နယ်၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့တို့မှ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးဒုတိယ အကြီးအကဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

Mr. Pavel A.KLABUKOV၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ စစ်သံမှူး Colonel Sergei KURCHENKO နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သောင်းသောင်းဖြဖြ ကြိုဆို**

ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ဦးတည်၍ ခရီးစဉ်အတွင်း နေ့မအား ညမနားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာတို့တွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ရိုးရာအကအလှအဖွဲ့များ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်အထိ လည်းကောင်း၊ တပ်မတော်လေဆိပ်မှ အဝိုင်းနေရာအထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝိုင်းနေရာမှ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝိုင်းနေရာအထိလည်းကောင်း **"(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022) တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါ၏" "ကမ္ဘာ့အလယ် မြန်မာ့ဂုဏ်ဝင့်ထည်စေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အထူးပင်ကျေးဇူးတင်ပါသည်" "အမိမြန်မာနိုင်ငံတော်အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကြိုးစားမှုများအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်" "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အောင်မြင်ပါစေ" "ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါသည်။" "ရုရှား–မြန်မာ ချစ်ကြည်ရေး ထာဝရအဓွန့်ရှည်တည်မြဲပါစေ"** ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်လှုပ်ရှားမှုပုံရိပ်များပါရှိသည့် အလျား ငါးပေ၊ အနံ နှစ်ပေခန့်ရှိ ရုပ်ပုံကားချပ် ၃၀ ခန့်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်၍ အလံများဝှေ့ယမ်းကာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ၊ ချမ်းသာပါစေ** ဟု ကြွေးကြော်လျက် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk Aviation Plant၊ Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့ သွားရောက်လေ့လာကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် အဖွဲ့ဝင်များလိုက်ပါ၍ Irkutsk မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Plant ၊ Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့ သွားရောက်လေ့လာကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Irkutsk Aviation Plant-Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Veprev Aleksey Alexandrovichနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အလုပ်ရုံအတွင်း MC-21 300 ခရီးသည်တင် လေယာဉ်ကြီးများ ထုတ်လုပ်ရန်အတွက် အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် sector များခွဲကာ Robotic system များ၊ Automatic Machine များဖြင့် တပ်ဆင်နေမှုများ၊ ထိုမှတစ်ဆင့် လေယာဉ်ကိုယ်ထည်ပိုင်း၊ တောင်ပံပိုင်း၊ အင်ဂျင်ပိုင်းများကို အဆင့်ဆင့်တပ်ဆင်တွဲဆက်နေမှုများ၊ စက်ခေါင်းခန်းအတွင်း ထိန်းချုပ်မှု System များ၊ အတွင်းပိုင်း အပြင်အဆင်များကို အဆင့်မြင့်တင် ဆောင်ရွက်ထားရှိမှုများ၊ လေယာဉ်၏ ထုတ်လုပ်နေမှု အခြေအနေများနှင့် လေယာဉ်၏ စွမ်းဆောင်ရည်ပိုင်းနှင့် ကြံ့ခိုင်ရေးပိုင်းတို့ကို စမ်းသပ်စစ်ဆေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာ့တပ်မတော်အတွက် ထုတ်လုပ်လျက်ရှိသည့် Su-30 တိုက်ခိုက်ရေးလေယာဉ်များ ထုတ်လုပ်တပ်ဆင်နေမှု၊ ထုတ်လုပ်ပြီးလေယာဉ်များအား လေ့ကျင့်စမ်းသပ်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Irkutsk Aviation Plant-Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**လေယာဉ်အစင်းပေါင်း ၇၀၀၀ ကျော်ထုတ်လုပ်ခဲ့**

အဆိုပါ Irkutsk လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Plant ကို ၁၉၃၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ Irkutsk Corporation ၏ လက်ခွဲတစ်ခုဖြစ်ပြီး Irkutsk လေယာဉ်ထုတ်လုပ်ရေးအသင်းသည် Transbaykal ဒေသ၏ ရှေးအကျဆုံး လေယာဉ်ထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ကာ စတင်တည်ထောင်ခဲ့သည့် ၁၉၃၂ ခုနှစ်မှစ၍ ယခုအထိ လေယာဉ် အစင်းပေါင်း ၇၀၀၀ ကျော်ကို ထုတ်လုပ်ခဲ့ကြောင်း သိရှိရသည်။

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk Aviation Plant-Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk Regional Children's Clinical Hospital သို့ ရောက်ရှိကြရာ ဆေးရုံအကြီးအကဲ Mr.Kozolv Yuri Andreevich နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ဆေးရုံအတွင်း ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ ဆေးရုံကို ခုတင်-၄၀၀ ဆံ့ အဆင့်မြင့်တင်၍ နှစ် နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ Video presentation များ၊ VR နည်းပညာအသုံးပြု၍ ဆေးရုံကြီး တည်ဆောက်ပြီးစီးပါက ဖြစ်ပေါ်လာမည့် အခြေအနေပုံရိပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား Irkutsk Regional Children's Clinical Hospital မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၄ မှ*

### လက်ဆောင်ပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံတည်ဆောက်မည့် အခြေအနေများ၊ ဆေးရုံအတွင်း၌ Robotic Technology အသုံးပြု၍ ခွဲစိတ်ကုသမှု ဆောင်ရွက်နိုင်သည့် စက်ကိရိယာများ၏ စွမ်းဆောင်ရည်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့၍ စမ်းသပ်ခွဲစိတ်ကုသမှုတစ်ခုကို သရုပ်ပြခွဲစိတ်ပြသသည်။ ယင်းနောက် ခွဲစိတ်ကုသမှု အောင်မြင်စွာ ပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအကြီးအကဲအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk Regional Children’s Clinical Hospital အတွင်း ကြည့်ရှုလေ့လာစဉ်။

### လိုက်လံကြည့်ရှုလေ့လာ

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow သို့ ရောက်ရှိကြရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ ပညာရေးဝန်ကြီး Maxim Alexandrovich Parfenov ၊ ကျောင်းအုပ်ကြီး Ms. Lyudmila Leonidovna Tuchkova နှင့် ကျောင်းတာဝန်ခံများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း မူလတန်းကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ကြားပေးနေမှုစနစ်များ၊ အဆင့်မြင့်သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု နည်းပညာသုံး၍ ကလေးငယ်များကို စိတ်ပါဝင်စားစေပြီး လွယ်ကူရှင်းလင်းစွာဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာများကို နားလည်တတ်ကျွမ်းမှုရှိအောင် သင်ကြားပေးနေသည့် အခြေအနေများ၊ စာကြည့်တိုက်များ၊ ကလေးအားကစားကွင်းများကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာခဲ့ကြရာ ကျောင်းအုပ်ကြီးက ရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရည်အဆင့်မြှင့်တင်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁၄)အခြေခံပညာ အလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow အတွင်း ကြည့်ရှုလေ့လာစဉ်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ၊ ကျောင်းအုပ်ကြီး၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ၊ ကျောင်းအုပ်ကြီး၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့မှ Irkutsk မြို့သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် ရောက်ရှိ Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး






**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် Ulan–Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk မြို့သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် သွားရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan–Ude မြို့ရှိ Trans–Siberian မီးရထားလမ်းနှင့် Trans–Mongolian မီးရထားလမ်းတစ်လျှောက် အဓိကကျပြီး အရေးပါသည့် ဘူတာရုံတစ်ခုဖြစ်သည့် Ulan–Ude ဘူတာရုံသို့ ရောက်ရှိကြရာ RZD “Russ–ian Railways” မီးရထားလုပ်ငန်း၏ RZD International Railways မှ General Director Mr.Sergey Stolyarov နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကာ ဘူတာရုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။ (အပေါ်ပုံ)

**မေးမြန်းဆွေးနွေး**

ထို့နောက် RZD “Russian Railways” ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံး ခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံး ခေါင်းတွဲများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်း နည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှုဆိုင်ရာ နည်းပညာများ၊ မီးရထားနှင့် ဆက်စပ်သည့်လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားနိုင်ငံ၏ ရထားလမ်းဆိုင်ရာများနှင့် ဥရောပနိုင်ငံများတွင် သွားရောက်၍ ရထားလမ်းဖောက်လုပ်ခြင်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားပို့ဆောင်ရေးဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လာရောက်သတင်းရယူကြသည့် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ Buryatia ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး တွေ့မြင်ရသည့် အခြေအနေများ၊ အကြံပြုလိုသည့် အခြေအနေများ၊ ပထဝီနိုင်ငံရေးအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအပေါ် သဘောထားအမြင်များနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

**“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လာရောက်သတင်းရယူကြသည့် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ Buryatia ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး တွေ့မြင်ရသည့်အခြေအနေများ၊ အကြံပြုလိုသည့် အခြေအနေများ၊ ပထဝီနိုင်ငံရေးအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအပေါ် သဘောထားအမြင်များနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်”**

**အလှအပများ လေ့လာကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan–Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk ပြည်နယ်သို့ သီးသန့်အထူး ရထားခရီးစဉ်ဖြင့် လိုက်ပါခဲ့ပြီး လမ်းကြောင်းတစ်လျှောက်တွင် ရထားအတွင်းပိုင်း အပြင်အဆင်များနှင့် အခန်းများ ဖွဲ့စည်းထားရှိမှုများ၊ မီးရထားလမ်းကြောင်း နည်းပညာခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများ၊ ကမ္ဘာ့အကြီးဆုံး သဘာဝရေချိုကန်ကြီးဖြစ်သည့် Baikal ရေကန်၏ ကမ်းစပ်တစ်လျှောက် အလှအပများ အပါအဝင် လမ်းကြောင်းတစ်လျှောက် အလှအပများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ RZD “Russian Railways” ကုမ္ပဏီသည် နိုင်ငံတော်ပိုင် ကုမ္ပဏီတစ်ခုဖြစ်ပြီး မော်စကိုမြို့ Red Gates Squre ၌ ရုံးချုပ်တည်ရှိကြောင်း၊ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး မီးရထားဝန်ဆောင်မှုများကို စီမံခန့်ခွဲပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် Joint–stock ကုမ္ပဏီ အမျိုးအစားဖြစ်ပြီး မီးရထားနှင့် သက်ဆိုင်သည့် စက်ရုံများလည်းရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် Irkutsk မြို့၊ Passazhirskiy ဘူတာရုံသို့ ရောက်ရှိကြရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယကမ္ဘာစစ်အတွင်း အသက်စွန့်ခဲ့ကြရသည့် ဆိုဗီယက်ပြည်ထောင်စုမှ စစ်သည်တော်များအား ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပန်းခွေချ အလေးပြုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Igor Ivanovich Kobzev နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံဆွေးနွေးစဉ်။

*စာမျက်နှာ ၆ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Igor Ivanovich Kobzevနှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံဆွေးနွေးသည်။

**စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော် တို့ တက်ရောက်ကြပြီး Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ Irkutsk ပြည်နယ်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နယ်မြေဆိုင်ရာအကြီးအကဲ Ms. Kurbatova Lyudmila Anatolyevna နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတစ်ခုဖြစ်သည့် အခြေအနေများနှင့် Irkutsk ပြည်နယ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အလယ်ဗဟိုချက်မဖြစ်ပြီး အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်သည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ကုန်ထုတ်လုပ်မှုအကြီးစား စက်ရုံအများအပြားသည် Irkutsk ပြည်နယ်တွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၀၀ ကျော် လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Irkutsk ပြည်နယ်တို့အကြား မဟာဗျူဟာမြောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရှိနေပြီဖြစ်သည့် အခြေအနေများ၊ ထို့ပြင်ကျန်းမာရေးဆိုင်ရာကဏ္ဍ၊ ကမ္ဘာလှည့်ခရီးလုပ်ငန်းဆိုင်ရာကဏ္ဍ၊ လူငယ်အချင်းချင်းရင်းနှီးဆက်ဆံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် မြေပေါ်မြေအောက် သယံဇာတများနှင့် သဘာဝအလှတရားများ ပြည့်စုံစွာရှိသည့်အတွက် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကျန်းမာရေးကဏ္ဍတွင် ဝန်ကြီးဌာနအချင်းချင်း၊ ဆေးရုံနှင့် ဆေးတက္ကသိုလ်များအချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာ ဖလှယ်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်း အသက်စွန့်ခဲ့ကြရသည့် ဆိုဗီယက်ပြည်ထောင်စုမှ စစ်သည်တော်များအား ဂုဏ်ပြုသောအားဖြင့် ထွန်းညှိထားသည့် မငြိမ်းသောမီး (Memorial Eternal Flame) နေရာသို့ ရောက်ရှိကြပြီး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသည့် စစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**ညစာအတူတကွသုံးဆောင်**

ဦးစွာ ညစာစားပွဲမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားရာ၌ ယနေ့ စက်တင်ဘာ ၁၀ ရက်နေ့သည် Irkutsk ပြည်နယ် တည်ထောင်မှု ၈၅ နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး ပြည်နယ်အတွင်း အထိမ်းအမှတ် အခမ်းအနားများကို ကြီးကျယ်ခမ်းနားစွာဖြင့် ကျင်းပလျက်ရှိသည့် အခြေအနေများ၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် Irkutsk ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး ခိုင်မာသည့် ဆွေးနွေးမှု ရလာဒ်များကို ဆွေးနွေးချမှတ်နိုင်ခဲ့သည့် အခြေအနေများနှင့် ၈၅ နှစ်ပြည့် Irkutsk ပြည်နယ် တည်ထောင်မှုမှသည် နောင်နှစ်ပေါင်းများစွာတိုင်သည်အထိ Irkutsk ဒေသမှ ဒေသခံများအားလုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြည်သူများအားလုံး ကိုယ်စိတ်နှလုံးချမ်းမြေ့ကြစေရန် မြန်မာနိုင်ငံအကြီးအကဲအနေဖြင့် ဆုမွန်ကောင်းတောင်းသည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ ပြောကြားခဲ့ကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်အဖွဲ့က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲတို့သည် Irkutsk ပြည်နယ် တည်ထောင်မှု ၈၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ဒေသခံပြည်သူများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ဆုမွန်ကောင်းစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk မြို့၊ Passazhirskiy ဘူတာရုံသို့ ရောက်ရှိကြရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev က လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့တွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် Irkutsk ပြည်နယ်၊ Marroitt ဟိုတယ် အစည်းအဝေးခန်းမ၌ Irkutsk ပြည်နယ် ပညာရေး ဒုတိယဝန်ကြီး Elena Apanovich၊ Irkutsk National Research Technical University ၏ ပါမောက္ခချုပ် Mikhail Korniakov၊ Irkutsk State University ဒုတိယပါမောက္ခချုပ် Konstantin Grigorichev တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပညာရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် Irkutsk ပြည်နယ် ပညာရေး ဒုတိယဝန်ကြီး Elena Apanovich ၊ Irkutsk National Research Technical University ၏ ပါမောက္ခချုပ် Mikhail Korniakov ၊ Irkutsk State University ဒုတိယပါမောက္ခချုပ် Konstantin Grigorichev တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ရှင်းလင်းပြသ**

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် Irkutsk မြို့ ဆေးဝါးထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိလေ့လာကြရာ ပြည်နယ်အစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီး Shelekhov Alexey Vladimirovich နှင့် တာဝန်ရှိသူများက အဆင့်မြင့်စက်များသုံး၍ ဆေးဝါးထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသကြသည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် အဆိုပါ ဆေးဝါးစက်ရုံမှ ဆေးဝါးများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနေမှုများ၊ သုတေသနပြုဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံသို့ ဆေးဝါးများ၊ ဆေးဝါး ကုန်ကြမ်းများတင်ပို့ပေးနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံများ ပူးပေါင်းတည်ထောင်ပြီး ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ညောင်ပင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကို၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်၊ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးသက်လေးဦးတို့ တက်ရောက်၍ ကျောင်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။(အောက်ပုံ)



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဒေသတစ်ခု လူမျိုးတစ်မျိုး တိုးတက်ရန် လူမှုရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ပြည့်စုံနေရေးသည် အခြေခံကျသကဲ့သို့ ပညာသည်လည်း မပါမဖြစ် အခြေခံအကျဆုံးအရာဖြစ်ကြောင်း၊ "ပညာလို ဝေးသည် မရှိ" ဖြစ်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်တောရွာ မကျန် အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းများအပြင် ယွန်းသိပ္ပံ၊ သမဝါယမသင်တန်းကျောင်း၊ သက်မွေးပညာသင်ကျောင်းများ၊ စက်မှုလက်မှု အတတ်ပညာ သင်ကျောင်းများ၊ စိုက်ပျိုးရေးကျောင်းများကို နှစ်စဉ်တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ယခုပညာသင်နှစ်တွင်မကွေးတိုင်းဒေသကြီးအတွင်း အထက်တန်းကျောင်း၁၅ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၆ ကျောင်း၊ အလယ်တန်းကျောင်း ၃၉ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၃၃ကျောင်း၊ မူလတန်းကျောင်း ရှစ်ကျောင်း၊ မူလတန်းကျောင်းခွဲ နှစ်ကျောင်းနှင့် မူလွန်ခုနစ်ကျောင်း စုစုပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ညောင်ပင်ကြီးကျေးရွာအနေဖြင့် အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး ကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပိုလာနိုင်မည်ဖြစ်ကာ ကျေးရွာအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ သို့သော် ကျောင်းဆိုသည်မှာ ရေမြင့်မှ ကြာတင့်ဆိုသကဲ့သို့ ကျေးရွာများက ပြုစုစောင့်ရှောက်တတ်မှ ဖွံ့ဖြိုးမှုအရှိန် လျော့မကျမည်ဖြစ်ကြောင်း၊ ကျောင်းနှင့်ကျေးရွာ၊ ကျေးရွာနှင့် ကျောင်းဆိုသည် အမြဲဒွန်တွဲနေမှ ၎င်းကျေးရွာ၏ ပညာရေးသည် တန့်မသွားဘဲ တိုးတက်ရှင်သန်နေမည် ဖြစ်သည့်အတွက် ဒေသခံကျေးရွာပြည်သူများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွယ်က ကျောင်းအဆင့် တိုးမြှင့်ရရှိအောင်ကြိုးစား ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အလံများအား ဂုဏ်ပြုပေးအပ်ကာ၊ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းရင်က ကျေးဇူးတင် စကားပြောကြားသည်။

**မောင်ညီညာ**

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများ တပ်ဆင် အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလျှုဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နှင့် မိုးနဲမြို့၊ ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် ကျုံပျော်မြို့များရှိ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်း တပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများ ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# လာမည့် ရွေးကောက်ပွဲတွင် ရွေးချယ်လိုက်သည့် အစိုးရသည် သန့်ရှင်းတရားမျှတသည့်အစိုးရ နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်အောင် ရွေးကောက်တင်မြှောက်




**ပန်းတနော် စက်တင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ပေးမည့် ရွေးကောက်ပွဲတွင် မြို့နယ်အလိုက် လွတ်လပ်၍သန့်ရှင်းမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဒေသအာဏာပိုင်များ ဦးဆောင်၍ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက အဂတိတရားကင်းကင်း၊ ဘက်လိုက်မှု ကင်းကင်းဖြင့် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် ရွေးချယ်လိုက်သည့် အစိုးရသည် သန့်ရှင်းတရားမျှတသည့်အစိုးရ နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်အောင် ရွေးကောက်တင်မြှောက်ကြပါဟု ပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ်တွင် လူထုအခြေပြုဗဟိုဌာန (Community Centre) ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါ လူထုအခြေပြုဗဟိုဌာန (Community Centre) ဆောက်လုပ်ပြီးပါက တိုင်းဒေသကြီးအကျိုး သယ်ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ် လူငယ်များအတွက် တိုးတက်မည့် ဘဝခရီးကိုပြုစုပျိုးထောင်ပေးနိုင်ပြီး အမှန်တကယ် တန်းဖိုးရှိမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်နိုင်သော၊ အသိပညာဗဟုသုတများ ဆည်းပူးဖလှယ်နိုင်သော၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပန်းတနော်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများကို ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်ချက်များကို ကူညီထောက်ပံ့ ပေးနိုင်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့မြို့ရပ်ရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတား၊ စာသင်ကျောင်း၊ ဆရာ ဆရာမ လိုအပ်ချက်များ စသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို သက်ဆိုင်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးငြှိမ်းသတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ထောက်ပံ့

ပဲခူး စက်တင်ဘာ ၁၁

**ပဲခူးမြို့ ဥဿာမြို့သစ်(၉)ရပ်ကွက် ပြည်ပစက်မှုနယ်မြေ မြေကွက်အမှတ်(၂၈) ရှိ တရုတ်နိုင်ငံသားပိုင် Melody Global စက်ရုံသည် စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။**



အဆိုပါ မီးလောင်ရာသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးငြှိမ်းသတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

မီးလောင်မှုဖြစ်စဉ် အနေဖြင့် Melody Global စက်ရုံတွင်းရှိ ဖိနပ်အောက်ခံသရေပြား ပေါင်းခံစက်ရုံအတွင်း ဘွိုင်လာအိုးအပူလွန်ကဲ၍ ဝိုင်ယာလျှော့ဖြစ်ကာ မီးလောင်ခဲ့ခြင်းဖြစ်ပြီး အမြန်ဆုံး မီးငြှိမ်းသတ်နိုင်ရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ရင်း/တပ်ဖွဲ့များ စုစုပေါင်းအင်အား ၆၀ တို့က မီးသတ်ယာဉ် ရှစ်စီး၊ အုပ်ချုပ်ယာဉ် တစ်စီးတို့ဖြင့် စုပေါင်းမီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ရုံများအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ မီးသတ်ပစ္စည်းများ လုံလောက်စွာထားရှိရေး၊ အရေးပေါ်မီးသတ်ရေငုတ်များ ကောင်း/မကောင်း စဉ်ဆက်မပြတ်စစ်ဆေးရန်၊ အရည်အသွေးမပြည့်မီသည့် လျှပ်စစ်ပစ္စည်းများ အသစ်ပြန်လည်လဲလှယ်ရန်၊ စက်ရုံအလိုက်သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ထားရန်နှင့် သက်ဆိုင်ရာသဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့က စက်ရုံအလိုက်ရှောင်တခင်ဝင်ရောက် စစ်ဆေးခြင်းများ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ပေါင်းတည် စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့ယာယီရဲမှူး မြင့်ဇော်နိုင်နှင့် ပေါင်းတည်မြို့မ ရဲစခန်းမှူး ဒုရဲမှူးအောင်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းသန်းချစ်နှင့် တာဝန်ရှိကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ပေါင်းတည်မြို့မ ရဲစခန်းမှူး ဒုရဲမှူး အောင်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ခုနစ်ဦးတို့က သွေးပေါင်ချိန်တိုင်းခြင်းနှင့်သွေးစစ်ခြင်းများ ပြုလုပ်ပြီး စုပေါင်းသွေးလှူဒါန်းခဲ့သည်။**(အောက်ပုံ)**

သွေးလှူဒါန်းမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူးယာယီရဲမှူး မြင့်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၆ ဒသမ ၃၄ လက်၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၄ ဒသမ ၉၆ လက်မ၊ မြစ်သားမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ နေပြည်တော်(ဇမ္ဗူသီရိမြို့နယ်)တွင် ၃ ဒသမ ၉၈ လက်မ၊ ဂန့်ဂေါမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ မင်းကင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မတူပီမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ရေဦးမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ကနီမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ကျိုက္ကမီမြို့တွင် ၂ ဒသမ ၈၀ လက်မနှင့် ဘော်လခဲမြို့တွင် ၂ ဒသမ ၇၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတော်ကြီးအကဲများကို လာရောက်ကြိုဆိုကြသူများနှင့် ခရီးစဉ်တွင် လိုက်ပါသွားသော တာဝန်ရှိသူတို့၏ စကားသံများ

နေပြည်တော်  စက်တင်ဘာ ၁၁

ရုရှားခရီးစဉ်အတွင်း (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ခြင်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အကြီးအကဲများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။ ထိုသို့ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အကြီးအကဲများကို ဒေသခံပြည်သူများက ကြိုဆိုကြသည်။ အဆိုပါခရီးစဉ်တွင် လိုက်ပါခဲ့သောတာဝန်ရှိသူနှင့် လာရောက်ကြိုဆိုကြသူများ၏ စကားသံများကို မျှဝေပေးလိုက်ရပါသည်။



ဗိုလ်ချုပ်ဇော်မင်းထွန်း



ဦးမိုးဟိန်း



ဦးမောင်မောင်အောင်



မသဇင်ဦး



ဦးဇော်တူးအောင်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်ကို တစ်ပတ်ကြာ သွားရောက်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အရှေ့ဖျားစီးပွားရေးဖိုရမ်ကို သွားရောက်ပြီး တက်ရောက်တာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ခရီးစဉ်စကတည်းက မဟာဗျူဟာအရရော၊ နည်းဗျူဟာအရပါ အများကြီးပြင်ဆင်ခဲ့ပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ဖို့အတွက် များစွာကြိုးပမ်းခဲ့ပါတယ်။ ခရီးစဉ်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနဲ့တွေ့ဆုံခဲ့တဲ့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ ပြည်နယ်နှစ်ခုကို သွားရောက်လည်ပတ်ခွင့်ရခဲ့တယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အရေးပါတဲ့ လုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်အရေးပါတဲ့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးအတွက် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အာကာသနည်းပညာနဲ့ ပတ်သက်ပြီးလည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်နိုင်ဖို့၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဒီကဏ္ဍတွေအားလုံးကို တိုးမြှင့်နိုင်ဖို့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အကျဉ်းချုပ်ပြောရရင် ဒီခရီးစဉ်က အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ လူတစ်ယောက်ဖြစ်စေ၊ ဘဝတစ်ခုဖြစ်စေ၊ နိုင်ငံတစ်ခုဖြစ်စေ၊ အောင်မြင်ဖို့အတွက် ကြိုးစားအားထုတ်မှုမရှိဘဲ မလုံလောက်ပါဘူး။ ဒီကြိုးစားအားထုတ်မှုတွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ခရီးစဉ်မသွားခင်ကတည်းက အသေးစိတ်စီမံပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မှာ လာရောက်ကြိုဆိုကြတဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါတယ်။ မှန်ကန်တဲ့လုပ်ငန်းစဉ်ကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ နိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက် ခိုင်မာစေရေး ကိစ္စများကို ဆောင်ရွက်နေပါတယ်။ ဒီကိစ္စတွေက ဒီခရီးစဉ်က ပိုမိုခိုင်မာစေမယ်လို့ ယုံကြည်ပါတယ်။

**ဦးမိုးဟိန်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက နိုင်ငံတော်ဝန်ကြီးချုပ်ကို တစ်နာရီနဲ့ မိနစ် ၂၀ ကြာသီးခြားတွေ့ဆုံပြီး မြန်မာနဲ့ ရုရှားအကြား ကမ္ဘာ့ကိစ္စ၊ မြန်မာ့ကိစ္စများကို ပူးပေါင်းဆောင်ရွက်ဖို့ အလေးအနက်စကားတွေကို နှစ်ဦးတည်းပြောကြားသွားတယ်။ ကြည့်ရတာ အင်မတန်ဝမ်းသာတယ်။ ရုရှားဖက်ဒရေးနိုင်ငံသမ္မတလို ကမ္ဘာ့ခေါင်းဆောင်ကြီးက မြန်မာနိုင်ငံအစိုးရနဲ့ မြန်မာနိုင်ငံဝန်ကြီးချုပ်ကိုရော၊ မြန်မာနိုင်ငံကိုပါ အသိအမှတ်ပြုတာကိုမြင်ရတဲ့အခါမှာ ဝမ်းသာတာကို စကားလုံးနဲ့ဖော်ပြလို့မရပါဘူး။ နိုင်ငံတော်သစ်ကိုတည်ဖို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြိုးစားခဲ့တာ အောင်မြင်ခဲ့ပါပြီလို့ ပြောချင်ပါတယ်။

**ဦးမောင်မောင်အောင်**

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကိုတက်ရောက်ပြီး ပြန်လာတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ကျွန်တော်တို့ လာရောက်ကြိုဆိုတာ ဖြစ်ပါတယ်။ ခုလိုလာရောက် ကြိုဆိုတာကတော့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကိုတက်ရောက်ခဲ့ရာမှာ အောင်မြင်မှုတွေများစွာကို ယူဆောင်လာပေးနိုင်ခဲ့ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနဲ့လည်း တစ်နာရီနဲ့ မိနစ် ၂၀ ကြာ တွေ့ဆုံပြီး ကျွန်တော်တို့တိုင်းပြည်ကို အောင်မြင်မှုတွေ ယူဆောင်လာပေးတဲ့ ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လိုအပ်နေတဲ့အခက်အခဲတွေကို အသက်အရွယ်နဲ့မမျှ သွားရောက်ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို ကြိုဆိုဖို့အတွက် ကျွန်တော်နဲ့အတူ တပ်မတော်ကို ချစ်ခင်တဲ့ ညီအစ်ကိုမောင်နှမတွေမှာ ဒီစိတ်မျိုးရှိကြပါတယ်။ ဒါကြောင့် ဒီလိုကြိုဆိုပွဲလေး အောင်မြင်စွာကျင်းပနိုင်အောင် စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အသက်ရှည်ကျန်းမာပါစေ၊ ရုရှား – မြန်မာ ချစ်ကြည်ရေး တည်တံ့ခိုင်မြဲပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးလည်း ဖွံ့ဖြိုးတိုးတက်ပြီးတော့ ဘေးအန္တရာယ်ခပ်သိမ်း ကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်။

**မသဇင်ဦး**

နိုင်ငံတော်ဝန်ကြီးချုပ်ကို ခုလိုလာရောက်ကြိုဆိုခွင့် ရတဲ့အတွက် အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေနဲ့ ကျွန်မတို့ မြန်မာနိုင်ငံကို အခက်အခဲအကျပ်အတည်းပေါင်းစုံ ကြားကနေပြီး လက်ကမ်းကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ဒီနေရာကနေပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အောင်မြင်မှုတွေ၊ နိုင်ငံ့ဂုဏ်နဲ့ နိုင်ငံသူနိုင်ငံသား တစ်ယောက်ချင်းစီရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အတွက် နိုင်ငံ့တော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့အတွက် လူငယ်တွေအနေနဲ့လည်း အခွင့်အလမ်းတွေအများကြီး တိုးပွားလာပါတယ်။ လူငယ်တွေအားလုံးရဲ့ကိုယ်စား ကျွန်မအနေနဲ့ကျေးဇူးတင်ပါတယ်။ ရုရှား-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည် တည်တံ့ခိုင်မြဲပါစေ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ။

**ဦးဇော်တူးအောင်**

အခုလာရောက် ကြိုဆိုတဲ့အဖွဲ့မှာ ကျွန်တော်အပါအဝင် ပျဉ်းမနားမြို့နယ်က တပ်မတော်ထောက်ခံသူအင်အား ၁၀၀ ကျော် ပါဝင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုသွားရောက်ပြီးတော့ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ခဲ့တဲ့အပြင် ကမ္ဘာ့နိုင်ငံတွေရဲ့အလယ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အင်အားကို ပြသနိုင်ခဲ့တဲ့အတွက် အခုလိုလာရောက်ပြီး ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲနဲ့ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုတွေ၊ အရေးယူဒဏ်ခတ်မှုတွေ အစဉ်တစိုက် လုပ်ဆောင်လာခဲ့တာ အခုမှမဟုတ်ပါဘူး၊ ဟိုးအရင်နှစ်ပေါင်းများစွာကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတကာမျက်နှာစာမှာ အခွင့်အရေးတွေ အများကြီးဆုံးရှုံးခဲ့ရပါတယ်။ အဲဒီလိုဖြစ်အောင်လည်း ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာတော့ ဘယ်သူတွေ ဘာပဲပြောနေကြပါစေ မဟာမိတ်နိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်ငံတကာအလယ်မှာ ကျွန်တော်တို့ နိုင်ငံနဲ့အတူ မားမားမတ်မတ်ရပ်တည်ပေးခဲ့တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ သမ္မတကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ အခုလက်ရှိ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဝန်ကြီးချုပ်ဖြစ်သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်တဲ့ ကျွန်တော်တို့ရင်ထဲက နိုင်ငံ့ဖခင်ကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ အခုလိုမျိုး နိုင်ငံတကာအလယ်မှာ ရဲရဲဝံ့ဝံ့နဲ့ နိုင်ငံ့အကျိုးအတွက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အလွန်ဂုဏ်ယူပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်တော်တို့နိုင်ငံအပေါ်ကို ပိတ်ဆို့၊ အရေးယူ၊ ဒဏ်ခတ်မှုတွေ လုပ်နေကြတဲ့သူတွေရဲ့ စကားကို နားယောင်ပြီး အချင်းချင်းသွေးကွဲပြီး သတ်ဖြတ်နေကြတဲ့ကိစ္စတွေကို ရပ်တန့်ကြ ရပ်ကြဖို့နဲ့ နိုင်ငံတော်ရဲ့ ပကတိ အခြေအနေမှန်ကို သိရှိနားလည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

**နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာရေးကာလတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း လုပ်ငန်း ၆၃ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၅၉၄၁ ဒသမ ၃၆၀ ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း လုပ်ငန်း ၇၂ ခုအတွက် ခွင့်ပြုရန်ပုံငွေ ၅၉၁၉ ဒသမ ၉၈၆ သန်းဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း လုပ်ငန်း ၇၂ ခု အတွက် ခွင့်ပြုရန်ပုံငွေ ၇၄၈၇ ဒသမ ၃၁၆ သန်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း လုပ်ငန်း ၈၁ ခု အတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၄၂၅ ဒသမ ၁၆၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**





နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာရေးကာလတွင် ကျိုင်းတုံမြို့ သောက်သုံးရေဖူလုံရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော ရှစ်လက်မ ဂျီအိုင်ပိုက် ၃ ဒသမ ၂၆ မိုင် သွယ်တန်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိ စစ်ဆေးသည်။

ဆက်လက်၍ ကျိုင်းတုံ-တောင်ကြီး လမ်းခွဲမှ ပန်မတ်ကျေးရွာအဝင်လမ်း ၁၃ မိုင်အနက် သုံး မိုင် ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း၊ မိုင်းပျဉ်းမြို့ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း ဘုန်းတော်ကြီးသင် အခြေခံ ပညာမူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသော ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် ပေ (၁၀၀ x ၃၀) နှစ်ထပ်အိပ်ဆောင် တစ်လုံးနှင့် ရှစ်ခန်းတွဲ သန့်စင်ခန်း ဆောက်လုပ်ခြင်း လုပ်ငန်းခွင်များကို လည်းကောင်း၊ မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်တွင် တည်ဆောက်ထားသော စွန်တောင်းချောင်းကူး ပေ ၉၀ ဘေလီတံတား ရေတိုက်စားခြင်းကြောင့် ကမ်းကပ်ခုံနှင့် ရေလယ်တိုင်ပျက်စီးမှုကို ပြန်လည်ပြုပြင်ခြင်းနှင့် ခံနိုင်ဝန်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မိုင်းပျဉ်းမြို့နယ် ဟိုခိုကျေးရွာတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နမ့်ပိန်းချောင်းမှ ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ဟိန်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ သင်တန်းသူများကို အမှာစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နမ့်စန်မြို့နယ် ဟိုင်းနားကျေးရွာအုပ်စု နောင်ငင်းကျေးရွာတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နမ့်လတ်ချောင်းမှ ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေးလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သီးထပ်သီးညှပ်စဉ်ဆက်မပြတ် တိုးချဲ့စိုက်ပျိုး၍ ဝင်ငွေတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားကာ တောင်သူများအတွက် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လွိုင်လင်မြို့ရှိ သာသနာ့ဗိမာန် ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းဝင်းအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောက်လုပ် လှူဒါန်းခဲ့သည့် မုခ်ဦး၊ ဆွမ်းချက်ဆောင်၊ သန့်စင်ခန်း၊ အုတ်တံတိုင်းကာရံခြင်း၊ အတွင်းပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် သာသနာ့ဗိမာန်အပေါ်ထပ် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပင်လုံမြို့ရှိ မူလမင်းကွန်းဇေတဝန် သာသနာ့မာန်အောင် ကမ္မဋ္ဌာန်းကျောင်းတိုက် အဝင်လမ်း ၁၃၂၀ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ စွန်းလွန်း ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် (၆၀ x ၃၇) ပေ RC နှစ်ထပ် ကျောင်းဆောင်ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်သော ကိစ္စများကို စီမံဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်လုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြား၍ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းပွန်မြို့ အနီး ပွန်ချောင်းမှ ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးကာ ရေပေးဝေနိုင်မည့် စိုက်ပျိုးကွေများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံများ၏ ရေအားသုံး ရေတင်ဘီးစနစ်ကို အသုံးပြု၍ စိုက်ပျိုးရေတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လေ့လာကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ညောင်ရွှေမြို့နယ် ထပ်အိမ်ဂူပရဟိတကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော်အားဖူးမြော်၍ ဆွမ်းဆန်တော်၊ ဆီများ ဆက်ကပ်လှူဒါန်း၍ အဆိုပါ ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံများ လှူဒါန်းထောက်ပံ့ပေးသည်။ ထို့နောက် ကျောင်းတိုက်အတွင်း ပေ (၁၀၀ x ၃၀) RC နှစ်ထပ် အိပ်ဆောင် ဆောက်လုပ်နေမှုနှင့် ရှစ် ခန်းတွဲ သန့်စင်ခန်း ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သောကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ဆိုင်းဝိုင်း တီးခတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

**မထက်ထက်ဝေ**

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ကမ္ဘာ့ထိပ်တန်း ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့သမ္မတကြီးနဲ့ အခုလိုမျိုး သွားရောက်တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီးအထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် အခုသွားရောက်ခဲ့တဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံခရီးစဉ်က မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍတွေအတွက်အများကြီးအထောက်အကူပြုတဲ့ ခရီးစဉ်တစ်ခုဖြစ်တဲ့အတွက် အခုလို လာရောက်ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ခရီးစဉ်တစ်ခု ဖြစ်တယ်လို့လည်း ပြောချင်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ စစ်မှန်တဲ့မိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့လည်း အရင်ကထက် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေခဲ့တဲ့ ခရီးစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံ့အကျိုးကို အခုထက်မက ပိုမိုဆောင်ရွက်နိုင်ပါစေလို့လည်း ဆန္ဒပြုပါတယ်။



မထက်ထက်ဝေ



မရည်မွန်သက်



ကိုသန်းထိုက်

**မရည်မွန်သက်**

ပုဗ္ဗသီရိမြို့နယ်ကနေ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်ဝန်ကြီးချုပ်ကို ချစ်ခင်လို့ အခုလိုလာရောက် ကြိုဆိုတာဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ပြီး သမ္မတကြီးနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တဲ့ သတင်းတွေကိုကြားသိရပြီး ခရီးစဉ်တစ်လျှောက်လုံး အဆင်ပြေပြေနဲ့ ပြန်လာခဲ့တာကို ဝမ်းသာတဲ့အတွက် အခုလို တကူးတက လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ လာရောက်ကြိုဆိုတဲ့ အဖွဲ့မှာ ကျွန်မတို့ရဲ့ ရွာသူရွာသား အယောက် ၃၀ ကျော် ပါပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံခရီးစဉ်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့ ကဏ္ဍပေါင်းစုံ ဆွေးနွေးခဲ့မှုတွေအပေါ် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ များစွာဝမ်းသာပီတိ ဖြစ်ရပါတယ်။ အခုလိုသွားရောက်ခဲ့တဲ့အတွက်ကြောင့် ကျွန်မတို့နိုင်ငံအတွက် များစွာအကျိုးရှိမယ်လို့ မျှော်လင့်မိပါတယ်။ တိုးတက်ပြောင်းလဲမှုတွေလည်း ရှိလာမယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ကို အခုလို သောင်းသောင်းဖြဖြ လာရောက်ကြိုဆိုကြတာဖြစ်ပါတယ်။

**ကိုသန်းထိုက်**

ကျွန်တော်ကတော့ ဇေယျာသီရိမြို့နယ် ရေဆင်းအုပ်စုကဖြစ်ပါတယ်။ ကျွန်တော်တို့ လာရောက်ကြိုဆိုတာ စုစုပေါင်း လူဦးရေ ၂၀၀ ကျော်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ခဲ့ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး အပါအဝင်ကဏ္ဍအသီးသီးက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ အင်မတန် ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဇော်မျိုး(နေပြည်တော်)**

# မွန်ပြည်နယ်အတွင်း အဆောက်အဦ၊ လမ်း၊ တံတားတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

ဘုရားကြီး - ကျိုက်ထို - မော်လမြိုင်လမ်းသည် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ယခု (၃၆ ပေ) ပြီးစီးနေ၍ ဆက်လက်ပြီး (၄၈ ပေ) ချဲ့၍ရသော လမ်းပိုင်းကို ဆောင်ရွက်ပေးရန်၊ တံတားများတိုးချဲ့ရန်နှင့် အသစ်တည်ဆောက်ရန်ကိစ္စရပ်များကို တံတားဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက မှာကြားသည်။

ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး-ကျိုက်ထို- မော်လမြိုင်လမ်း (ဘုရားကြီး-ကျိုက်ထို) လမ်းပိုင်း အခြေအနေတို့ကိုလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းမကြီး အပိုင်းတွင် ပါဝင်သည့် ကျိုက်ထိုမြို့ရှောင်လမ်း (၂ ကီလိုမီတာ မှ ၃ ဒသမ ၈၃၃ ကီလိုမီတာ) အထိ ကတ္တရာကွန်ကရစ် (AC) ခင်းပြီးစီးမှုနှင့် Well-Graded ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျိုက်ထိုမြို့ရှောင်လမ်း အပိုင်းသည် အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးတွင် ပါဝင်သည့်အတွက် အရေးကြီးပါကြောင်း၊ လေးလမ်းသွား လမ်းသစ်ဖြစ်ရန် လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေးပြည့်မီအောင် ဆက်လက်လျာထား ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြို့ရှောင်လမ်းပြီးစီးပါက မြို့တွင်းယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းပြီး ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းထွန်းနှင့်အတူ မော်လမြိုင်မြို့တွင် မွန်ပြည်နယ်တရားလွှတ်တော်ရုံး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့က တရားလွှတ်တော်ရုံး အင်္ဂါရပ်နှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန်၊ လက်ရာသေသပ် ကောင်းမွန်ရန်နှင့် ခိုင်ခံ့အောင် အထူးအလေးထား ဆောင်ရွက်ရန်၊ အဆောက်အဦ တည်ဆောက်ရေး မှတ်တမ်းများ ပြုစု၍ စနစ်တကျလွှဲပြောင်းပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တရားလွှတ်တော်ရုံး အခန်းဖွဲ့စည်းမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခြံစည်းရိုး ဆောင်ရွက်နေမှု၊ လွှတ်တော်အဆောက်အဦ မျက်နှာစာလှပစေရေးအတွက် မြေယာရှုခင်း ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေနှင့်အတူ ဒေသခံနှင့် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် ဖွင့်လှစ်ပေးခဲ့သည့် ကျိုက်မရော - စံပယ်ဂူ - ကော့ပနော လမ်းပေါ်ရှိ အတ္ထရံတံတား (စံပယ်ဂူ) အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အတ္ထရံတံတား (စံပယ်ဂူ) နှင့် ဆက်စပ်လမ်းများ တည်ဆောက်ပြီးသည့်အတွက် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္ထရံမြစ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာအုပ်စု ၃၁ အုပ်စု၊ ကျေးရွာပေါင်း ၉၇ ရွာနှင့် အတ္ထရံမြစ် အနောက်ဘက်ခြမ်း ကျိုက်မရောမြို့ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၆၁ ရွာမှ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး ကျိုက်မရောမြို့မှတစ်ဆင့် မော်လမြိုင်မြို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည့်အတွက် ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့ပြင် မော်လမြိုင်-ကျိုက်မရောမြို့မှတစ်ဆင့် တရနာ - ဘုရားကုန်းလမ်းသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် မုဒုံ - မြဝတီလမ်းမှတစ်ဆင့် ကြာအင်းဆိပ်ကြီးမြို့သို့ လည်းကောင်း၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့များသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးကိုလည်း အထောက်အကူဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုများ ပိုမိုသွက်လက်မြန်ဆန်လာမည် ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးတောင်သူများကို နည်းပညာပေးခြင်း၊ မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားရန်လို

နေပြည်တော် စက်တင်ဘာ ၁၁

**လုပ်ကွက်ငယ် မွေးမြူရေးတောင်သူများကို နည်းပညာပေးခြင်း၊ ပူးပေါင်းလက်တွဲ ဆောင်ရွက်ခြင်း၊ အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းများကို မွေးမြူထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်တင်ဘာ ၁၀ ရက်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ Good Brother's Co.Ltd ၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး က ပြောကြားသည်။**

ဆက်လက်၍ Good Brother's Co.Ltd တာဝန်ရှိသူက နွားစာ စိုက်ပျိုးမှု၊ ရိတ်သိမ်းမှု၊ ထုတ်လုပ်မှု၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဒေသတွင်း ကာကွယ်ဆေးထိုးခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အကျိုးတူ နွားမွေးဖက်ပေးခြင်း၊ ခိုင်းနွားအငှားချထားပေးခြင်း လုပ်ငန်းအခြေအနေများကို တင်ပြပြီး ဒုတိယဝန်ကြီးက နေပီယာမြက် စိုက်ပျိုးထားရှိမှု၊ ဒေသနွားများ မွေးမြူထားရှိမှုနှင့် နွားနောက် မွေးမြူထားရှိမှု တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



အလားတူ မကွေးမြို့နယ် ကန်လှကျေးရွာ တောင်သူ ဦးဇော်မင်း၏ လယ်မြေတွင် Good Brother's Co.Ltd နှင့် တောင်သူများ အကျိုးတူစိုက်ပျိုးထားသည့် နေကြာသီးနှံ (အိန္ဒိယမျိုး) စိုက်ပျိုးခင်းသို့ ရောက်ရှိပြီး နေကြာမျိုးစေ့ထုတ် စိုက်ခင်းကို လည်းကောင်း၊ တိုင်းတောင်သူ ဖွံ့ဖြိုးရေးအဖွဲ့နှင့် အခြားသော တောင်သူအစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော နှမ်းသီးနှံ စုပေါင်းရောင်းချပွဲ၌ နှမ်းသီးနှံ စုပေါင်း ရောင်းချနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် လင်းဇင်းကျေးရွာအနီး တည်ဆောက်ထားသည့် လင်းဇင်းရေလွှဲဆည်သို့ ရောက်ရှိပြီး သဲထုတ်တံခါး၊ ရေသွင်းတံခါးနှင့် ဆည်ကြံ့ခိုင်မှုကို လည်းကောင်း၊ တူးမြောင်းမကြီး တစ်လျှောက် စိုက်ပျိုးရေ ပေးဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းဘူးမြို့နယ် ရွာသာယာအုပ်စု ကမ်းနီကျေးရွာ တောင်သူ ဦးကြည်ထွေး၏ ချည်မျှင်ရှည်ဝါမျိုးသစ် Long Staple Cotton ( RAKA 3455 L SSB 98 BG II ) အကွက်ကျယ် စမ်းသပ်ကွက်သို့ ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ မျိုးစေ့ခြံများမှ မျိုးကောင်းမျိုးသန့်များ မျိုးပွားဖြန့်ဖြူးပေးခြင်း၊ အကျိုးဆောင် တောင်သူများမှတစ်ဆင့် မျိုးပွားထုတ်လုပ်၍ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာအသုံးပြုနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ အရင်းအနှီး ရရှိရေးနှင့် သီးနှံဈေးနှုန်း အာမခံချက်ရရှိစေရန် အကျိုးတူကန်ထရိုက် လယ်ယာစနစ် ဖော်ဆောင်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရောက်ရှိမည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် မြက်များ ရှင်းလင်းရေးလုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ဒုပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဥက္ကာကိုတို့ ကြီးကြပ်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လက်ရုံးတပ်ဖွဲ့ဝင် စုစုပေါင်း ၂၀၀ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



❑ *ကျော့ဖုံးမှ*

ကြံခင်းဘူတာမှ နံနက် ၆ နာရီတွင် ခရီးသွားပြည်သူများကို တင်ဆောင်၍ စတင်ထွက်ခွာလာပြီး ဟင်္သာတဘူတာသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိခဲ့ရာ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရုံပိုင်ကြီး ဦးအေးမင်းဦးနှင့် မီးရထားဝန်ထမ်းများ၊ ပြည်သူများက ကြိုဆိုခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ၁၈၂ အစုန် အမြန်ရထား စက်ခေါင်းအမှတ် DF-1261 အား အမွှေးနံ့သာရည်များဖြင့် ပတ်ဖျန်းပေးခဲ့ကြပါသည်။

ထို့နောက် မီးရထားစီး ခရီးသွားပြည်သူများကို ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ရေသန့်ဘူးနှင့် မုန့်များ ဝေငှခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြပြီး အဆိုပါ ၁၈၂ အစုန် အမြန် ရထားသည် ပုသိမ်ဘက်သို့ လိုက်ပါမည့် ခရီးသွားပြည်သူခရီးသည် ၁၂၃၈ ဦးတို့ကို တင်ဆောင်လျက် ပုသိမ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **ကိုဇော်-ဟင်္သာတ**

# စွမ်းအင်အကျပ်အတည်းနှင့် ငွေကြေးဖောင်းပွမှုကို ဖြေရှင်းရန် နောက်ထပ်အစီအမံများ ဂရိဝန်ကြီးချုပ် ကြေညာ

အေသင် စက်တင်ဘာ ၁၁

**စွမ်းအင်အကျပ်အတည်းနှင့် မြင့်မားသော ငွေကြေးဖောင်းပွမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများကို ပိုမိုအထောက်အကူပြုရန်အတွက် အနိမ့်ဆုံးလုပ်ခလစာနှင့် ပင်စင်လစာများ တိုးမြှင့်ပေးခြင်းအပါအဝင် စီမံချက်များကို ဂရိဝန်ကြီးချုပ် ကီရီယာ ကော့မက်စိုတာကကစ်က စက်တင်ဘာ ၁၀ ရက်တွင် ကြေညာခဲ့သည်။**



ဂရိဝန်ကြီးချုပ် ကီရီယာ ကော့ မက်စိုတာကကစ်။

အဆိုပါ စီမံချက်များတွင် မကြာသေးမီလများအတွင်း ခွဲဝေချထားပေးသော အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၂ ဘီလီယံအပြင် လျှပ်စစ်ခတ်အား ကုန်ကျစရိတ်များအတွက် ထောက်ပံ့ကြေးများ ပါဝင်ကြောင်း သိရသည်။

ဂရိနိုင်ငံသည် အခွန်ဖြတ်တောက်ခြင်းနှင့် အနိမ့်ဆုံးလုပ်အားခနှင့် ပင်စင်လစာများ တိုးမြှင့်ပေးခြင်းအစီအမံကို ယခုနှစ်ကုန်နှင့် ၂၀၂၃ ခုနှစ်အတွင်း အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဂရိနိုင်ငံ၌ ပင်စင်လစာများကို ဆယ်စုနှစ်တစ်ခုကျော်အတွင်း ပထမဆုံးအကြိမ် တိုးမြှင့်ပေးမည်ဖြစ်ပြီး အနည်းဆုံးလစဉ် လစာလည်း တိုးလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂရိလူမျိုးများ၏ တစ်ခါသုံးဝင်ငွေသည် တိုးလာမည်ဖြစ်ပြီး ဝင်ငွေနည်းသော အိမ်ထောင်စုအများစုသည် ပိုမိုအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ကြောင်း ဂရိနိုင်ငံပိုင်ရုပ်သံလိုင်း အီးအာအာအက်စ်မှ ထုတ်လွှင့်သည့် ၎င်း၏မိန့်ခွန်းအတွင်း ဝန်ကြီးချုပ်က ပြောကြားသည်။

လူငယ်များကို ပိုမိုပံ့ပိုးကူညီရန်အတွက် မူလနေအိမ်တစ်လုံးကို ငှားရမ်းခြင်း သို့မဟုတ် ဝယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းများကို အစိုးရက ထောက်ပံ့ကြေးပေးမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ပါပူဝါနယူးဂီနီ၌ ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ပေကျင်း စက်တင်ဘာ ၁၁**

ပါပူဝါနယူးဂီနီ၌ စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၆ မိနစ်တွင် ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ကြောင်း တရုတ်ငလျင်ကွန်ရက်စင်တာ(စီအီးအင်န်စီ)မှ ထုတ်ပြန်ထားသည်။

ငလျင်ဗဟိုချက်သည် တောင်လတ္တီကျူ ၆ ဒသမ ၃၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၄၆ ဒသမ ၅၅ ဒီဂရီတွင်ဖြစ်ပြီး အနက် ၇၀ ကီလိုမီတာ ရှိကြောင်း စီအီးအင်န်စီ က ပြောကြားသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၀၇၆ ဦးအထိ ကျဆင်းလာ

**နယူးဒေလီ စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၁၁ ရက်တွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၀၇၆ ဦးအထိ ကျဆင်းလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ထုတ်ပြန်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ အသစ် ၅၀၇၆ ဦး ရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၄၄၉၅၃၅၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ပိုးတွေ့ဆဲလူနာ ၄၇၉၄၅ ဦး ရှိပြီး အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၁ ဦးရှိသဖြင့် ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စကာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်း ၅၂၈၀၅၀ ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံမှ ဆင်းခွင့်ရသူ ၅၉၇၀ အပါအဝင် ရောဂါပျောက်ကင်းပြီး ဆေးရုံမှ ဆင်းခွင့်ရသူစုစုပေါင်း ၄၃၉၁၉၂၆၄ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယမန်နေ့အထိ ကိုဗစ်-၁၉ နမူနာစုစုပေါင်း ၈၈၉၄၀၈၄၂၆ ခုကို စစ်ဆေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

## ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၆ ဦးရှိ

**ဒမတ်စကတ် စက်တင်ဘာ ၁၁**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုမြို့၌ ကာလဝမ်းရောဂါ ဖြစ်ပွားသူ ၁၆ ဦးရှိကြောင်း စက်တင်ဘာ ၁၀ ရက် တွင် ဆီးရီးယား ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါ ထုတ်ပြန်ချက်တွင် ကာလဝမ်းရောဂါ ဖြစ်ပွားသော အသက် ကိုးနှစ်အရွယ် ပထမဆုံး လူနာသည် ဆေးကုသမှုခံယူပြီး ခြောက်ရက်အကြာတွင် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်းနှင့် အခြားသော ၁၅ ဦးကို သီးသန့်ခွဲခြားထားပြီး အလက်ပိုမြို့ရှိ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဖော်ပြထားသည်။

ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့သည် စက်တင်ဘာ ၆ ရက် နောက်ပိုင်း နိုင်ငံအရှေ့ပိုင်းမြို့ ဒီယာအယ်ဇိုး၌ ကာလဝမ်းရောဂါ ဖြစ်ပွားမှုတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ လေးဦးရှိကြောင်း ပြောသည်။ ဒီယာအယ်ဇိုး၌ ကာလဝမ်းရောဂါဖြစ်ပွားမှု အရေအတွက်သည် မသန့်ရှင်းသော သောက်သုံးရေကြောင့် တိုးပွားလာလျက်ရှိ ကြောင်း သိရသည်။

**ဆင်ဟွာ**

## အီရန်နိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား၊ ခြောက်ဦးထက်မနည်း သေဆုံး

**နှစ်စဉ်နှစ်တိုင်း ယာဉ်မတော်တဆမှုကြောင့် လူ ၂၀၀၀၀ ကျော် သေဆုံးပြီး ၂၀၀၀၀၀ ကျော်မှာ ထိခိုက်ဒဏ်ရာရရှိ**

**တီဟီရန် စက်တင်ဘာ ၁၁**

အီရန်နိုင်ငံ အနောက်ပိုင်း လော်ရက်စ်တန်ပြည်နယ်၌ စက်တင်ဘာ ၁၀ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားရာ ခြောက်ဦးထက်မနည်း သေဆုံးကြောင်း အီရန်ကျောင်းသားများ သတင်းအေဂျင်စီ (အိုင်အက်စ်အင်န်အေ) က ပြောသည်။

အဆိုပါ ယာဉ်မတော်တဆမှုသည် လော်ရက်စ်တန်ပြည်နယ် အလီနာဟီချာဗန်ဒီ ကျေးရွာရှိ လမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူအားလုံးသည် ခရီးသည်များဖြစ်ပြီး အခင်းဖြစ်ပွားရာသို့ လူနာတင်ကား နှစ်စီးပို့ဆောင်ပေးခဲ့ကြောင်း လော်ရက်စ်တန် ဆေးရုံအရေးပေါ်စင်တာမှ အကြီးအကဲဖြစ်သူ မဲလ်ဒီဂီဘီက ပြောသည်။

သို့သော်လည်း ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကိုမူ ဖော်ပြထားခြင်းမရှိပေ။ အီရန်နိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း ယာဉ်မတော်တဆမှုကြောင့် လူ ၂၀၀၀၀ ကျော် သေဆုံးပြီး ၂၀၀၀၀၀ ကျော်မှာ ထိခိုက်ဒဏ်ရာရရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။ ယာဉ်မောင်းအတွေ့အကြုံနည်းခြင်းနှင့် လမ်းများ ကောင်းမွန်မှုမရှိခြင်းတို့က ထိုကဲ့သို့ ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းများဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၆၄၃ ဦး စစ်ဆေးတွေ့ရှိ

ဟနွိုင်း စက်တင်ဘာ ၁၁

**ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၁၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၆၄၃ ဦး စစ်ဆေးတွေ့ရှိပြီး စက်တင်ဘာ ၁၀ ရက်က စစ်ဆေးတွေ့ရှိမှုအောက် ၈၅၅ ဦး လျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။**

အဆိုပါ ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၄၃၉၆၁၃ ဦးအထိ ရှိလာကြောင်း၊ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိသည့်အတွက် သေဆုံးသူ စုစုပေါင်း ၄၃၁၂၉ ဦးအထိ ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၁၁ ရက်အထိ ရောဂါပြင်းထန်ပြီး အသက်ရှူကိရိယာတပ်ဆင်ရန် လိုအပ်သူ ၁၁၃ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

## မော်လမြိုင်၌ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးပြီး Mask Campaign ပြုလုပ်

**မော်လမြိုင် စက်တင်ဘာ ၁၁**

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသည့်အတွက် မွန်ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန် မြို့နယ်များအလိုက် ကိုဗစ်-ရောဂါပိုးစစ်ဆေးခြင်း၊ လူအသွားအလာများသည့်နေရာများ၌ ကိုဗစ်ဆိုင်ရာ စည်းကမ်းချက်များကို ပြန်လည်လှုံ့ဆော် အသိပညာပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ Mask Campaign ပြုလုပ်ပေးခြင်းများကို မော်လမြိုင်မြို့ လူစည်ကားရာနေရာများ၌ ဆောင်ရွက်လျက်ရှိသည်။



စက်တင်ဘာ ၁၀ ရက်က Mask Campaign ကို မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အဝေးပြေးကားဝင်း၌ ပြုလုပ်ပြီး ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများက အသိပညာပေး၍ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း လာရောက်ကြည့်ရှုအားပေးသည်။ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ထပ်ဆောင်းကာကွယ်ဆေး Booster dose ထိုးနှံပေးနေမှု အခြေအနေများကိုလည်း သွားရောက်ကြည့်ရှုခဲ့သည်။ **(အပေါ်ပုံ)**

**ခရိုင်**
**(ပြန်/ဆက်)**

## ချင်းပြည်နယ် မြို့နယ်ငါးခု၌ ကိုဗစ်- ၁၉ ပညာပေးမှုများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**ဟားခါး စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း ၊ Mask Campaign များပြုလုပ်ခြင်းနှင့် ကိုဗစ်- ၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများကို ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့၊ ကျီခါးမြို့နှင့် ခိုင်ကမ်းမြို့များရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာနေရာများ၌ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ နှာခေါင်းစည်းများကို ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေခြင်း၊ မြို့ဝင်၊ မြို့ထွက်ဂိတ်များတွင် RDT Test Kit ဖြင့် စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ နှာခေါင်းစည်းတပ်ဆင်ရန်၊ အခန်းများ လေဝင်လေထွက်ကောင်းအောင် ဖွင့်ထားရန်၊ လူစုလူဝေးရှောင်ရန်၊ တတ်နိုင်သမျှ အိမ်မှာသာနေပြီး အပြင်ထွက်သွားလာခြင်းကို ရှောင်ကြဉ်ရန်၊ လက်ကို ဆပ်ပြာနှင့် ရေတို့ဖြင့် စနစ်တကျ ဆေးကြောရန်၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ တွေ့ရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ရန် စသည့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ပြည်နယ်**
**(ပြန် /ဆက်)**

## ကျောက်ဆည်မြို့နယ်၌ လူဦးရေ ၄၂၀၀၀ ကျော် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပြီးဖြစ်

**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အဆက်မပြတ် ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်အထိ ၄၂၄၇၆၃ ဦး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးများထိုးနှံပေးရာတွင် မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းဝင်များပူးပေါင်း၍ ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် သတ်မှတ်အကြိမ်များတွင် ပြည်သူများ လာရောက်ထိုးနှံရေး နှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများကို ပထမအကြိမ်တွင် ၂၁၀၇၄၂ ဦး၊ ဒုတိယအကြိမ်တွင် ၁၈၇၃၂၄ ဦး၊ တတိယအကြိမ်တွင် ၂၄၇၆၂ ဦးနှင့် စတုတ္ထအကြိမ်တွင် ၁၉၃၅ ဦး စုစုပေါင်း ၄၂၄၇၆၃ ဦး ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## မြို့နယ်များ၌ Mask Campaign များပြုလုပ်ပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာရေး အသိပညာပေးသည့် Mask Campaign ကို ဆင်မြီးဆွဲမြို့မဈေး၌ စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ပြီး နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခဲ့သည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် ဌာနဆိုင်ရာများက မြို့နယ်အတွင်းရှိပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကာကွယ်နိုင်ရေးအတွက် နေအိမ်ပြင်ပသို့သွားလာပါက နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်၊ လက်ကိုမကြာခဏဆေးကြောရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်တို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများကို အခမဲ့ဝေငှပေးခဲ့ကာ ဈေးအတွင်းမှ ဈေးရောင်းချသူများနှင့်ဈေးဝယ်လာသူများကိုလည်း နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းရှိမရှိ လိုက်လံစစ်ဆေး၍ အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်၍ ဌာနဆိုင်ရာများက Mask Campaign ကို စက်တင်ဘာ ၁၀ ရက်က ပြုလုပ်ပြီး မြို့နေပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်ရန် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Mask Campaign ကို စက်တင်ဘာ ၁၁ ရက်က အမှတ်(၆) ရပ်ကွက် သီရိဈေးရှေ့နှင့် သီရိဈေးဝင်းအတွင်း ပြုလုပ်သည်။ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီနှင့် ပူးပေါင်းအဖွဲ့များက ဒေသခံများ၊ ခရီးသွားများ၊ ဈေးရောင်း/ ဈေးဝယ်ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါ စည်းကမ်းချက်များနှင့်အညီ နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်သွားလာရန်၊ ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်သည့် အလေ့အကျင့်ကောင်းများကို ဆက်လက်လိုက်နာဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံရန် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၉ ဦး အနက် ၁၇၃ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၀၂ ရာခိုင်နှုန်းရှိ

(၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၀၂) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၉) ဦးအနက် (၁၆) ဦး၊ (၈.၅) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၇၃) ဦး၊ (၉၁.၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

(၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၆) ဦး | (၈.၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၇၃) ဦး | (၉၁.၅) % |
| **စုစုပေါင်း** | **(၁၈၉) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၄၄,၂၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၆,၈၅၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၂၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀-၉-၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၄၄၆,၃၃၇) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၄၉၈,၃၅၆) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**

(၁၀-၉-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၄၄၆,၃၃၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၄၉၈,၃၅၆ |

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက် ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယ လက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံး သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည် လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက် ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၁** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည် အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၀၇၁၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၆၅၇၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၂၇၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို**
**ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။**



# အညာမြေ၏ အလှဆုံးရှုခင်း စွန်ရဲအင်း

ကိုရွှေမန်း (မန္တလေးမြို့)

**မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ နတ်ရေကန်နှင့် ကူမဲငါးလုပ်ငန်းစခန်းများမှ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေခြောက်သိန်းကို ၉-၈-၂၀၂၂ ရက်တွင် ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်အတွင်းရှိ အလှဆုံးရှုခင်းများ ပိုင်ဆိုင်ထားသည့် စွန်ရဲအင်းအတွင်းသို့ မျိုးစိုက်ထည့်ခဲ့ရာ လေကြောင်းရန် ကာကွယ်ရေးတပ်နယ်မှူး ဗိုလ်ချုပ်သိန်းထွေးက ဦးဆောင်ပြီး ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းဦးစီးဌာနများမှလည်း သဘာဝရေပြင်ရေရိုးများတွင် ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိပြီး သယံဇာတပြန်လည်ဖြည့်ဆည်းရေးနှင့် ထိန်းသိမ်းကာကွယ်ရေးလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။**

**မြစ်တွင်းချောင်းကန် ဆည်တမံ ငါးလျှံတိုးရေး မျိုးစိုက်ပေး**

"မြစ်တွင်းချောင်းကန် ဆည်တမံ ငါးလျှံတိုးရေးမျိုးစိုက်ပေး" ဟူသောကြွေးကြော်သံ ဆောင်ပုဒ်သည် ငါးလုပ်ငန်းဦးစီးဌာန၏ အဓိကကြွေးကြော်သံဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်လျက်ရှိသည့်လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ သဘာဝရေပြင်များသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ၁၉၈၀-၁၉၈၁ ခုနှစ်မှစ၍ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီဖြစ်သည်။ ပင်လယ်ပြင်အတွင်း မျိုးစိုက်ခြင်းတွင် ဖမ်းဆီးသိမ်းယူရရှိသည့် သတ်မှတ်အရွယ်အစား (ဒေါင်လိုက် အလျား ၃ ဒသမ ၂လက်မ ကန့်လန့်အလျား ၂ ဒသမ ၄လက်မ အောက်ငယ်သောကဏန်းများကို ဒီရေတောများတွင် မျိုးစိုက်ခြင်းဖြင့်စတင်ခဲ့သည်။ ဒီရေတောများတွင် မျိုးစိုက်ခြင်းများကို ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် တောင်ကုတ်မြို့နယ်က ကဏန်းကောင်ရေ ၁၂၀၀၀ ဖြင့် စတင်ခဲ့ကြောင်းတွေ့ရပြီး ၂၀၀၉-၂၀၁၀မှစ၍ ကဏန်းမျိုးစိုက်ခြင်းကို ကျယ်ပြန့်စွာဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ပင်လယ်ပြင်အတွင်း ငါး/ပုစွန်မျိုးစိုက်ခြင်းနှင့် ပတ်သက်၍ ရေငန်ပုစွန်မျိုးစိုက်ခြင်းကို ၁၉၉၆-၁၉၉၇ တွင် သံတွဲခရိုင် လုံးသာသားပေါက်စခန်းမှ သားပေါက် ၃ ဒသမ ၅သန်းဖြင့်လည်းကောင်း၊ ကကတစ်ငါးသားပေါက်မျိုးစိုက်ခြင်းကို ၂၀၁၀ ပြည့်နှစ်တွင် သံတွဲခရိုင်မှ သားပေါက် ၁၄ သိန်းဖြင့်လည်းကောင်း၊ စတင် ဆောင်ရွက်ခဲ့ပြီး စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို ၂၀၀၃- ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှစ၍ နှစ်စဉ်နှစ်တိုင်း သိန်းသန်းကုဋေချီသော ငါးမှုန်များ၊ ငါးသားပေါက်များကို မျိုးစိုက်ထည့်ခဲ့ရာမှ ရှင်သန်မှုပိုမိုအားကောင်းထိရောက်သော နှစ်လက်မအရွယ် ငါးသားပေါက်များကို ၂၀၂၁- ၂၀၂၂ ခုနှစ်မှစ၍ မျိုးစိုက်ခဲ့ရာ ရေချို/ ရေငန်ငါးမျိုးစိတ်များနှင့် ရေငန်ပုစွန်သားပေါက်များကိုပါ မျိုးစိုက်ထည့်ခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် သားပေါက်ကောင်ရေသိန်းပေါင်း ၁၀၇၇ ဒသမ ၆၃၉ ကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ကာလတိုခြောက်လတွင် သိန်းပေါင်း ၄၁၄ ဒသမ ၀၆၅ ကိုလည်းကောင်း မျိုးစိုက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် သိန်းပေါင်း ၁၀၁၅ ဒသမ ၀၇၅ မျိုးစိုက်ထည့်မည်ဖြစ်ပါသည်။



**ကမ္ဘာကြီး၏ အလှဆုံးရှုခင်းသာ**

စွန်ရဲအင်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် စွန်ရဲရွာအနီးတွင်တည်ရှိပြီး မန္တလေးမြို့မှ လွယ်လင့်တကူ သွားရောက်နိုင်သဖြင့် ပြည်တွင်း ပြည်ပခရီးသွားများဖြင့် စည်ကားစ ပြုနေပြီဖြစ်သည်။ တောတောင်သဘာဝအလှများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ရောက်ရှိလာသည့် ခရီးသွားများအား အညာဒေသ အပူဒဏ်ကို မေ့လျော့သက်သာစေသည်အထိ ဆွဲဆောင်ညို့ငင်အားကောင်းသည့် အင်းကြီး ဖြစ်သည်ဆိုပါလျှင် အမွှမ်းတင်လွန်းသည်ဟု ဆိုကြပေလိမ့်မည်။ စွန်ရဲအင်း ရေပြင်အနှံ့ ပဒုမ္မာကြာများ ပြည့်နှက်နေသည့်အတွက် ကုမုဒြာကြာအင်းဟုလည်းကောင်း၊ ပဒုမ္မာကြာကန်ဟု လည်းကောင်း ခေါ်ဆိုကြပါသေးသည်။ မြန်မာမှုနယ်ပယ်တွင် ပဒုမ္မာရွှေကြာ၊ ကြာဖြူ၊ ကြာနီ ၊ ကြာညို၊ ကြာပြာဟူ၍ ကြာမျိုးငါးမည်ရှိကြောင်း ဖွင့်ဆိုပါသည်။ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ကန်ကြီး၊ အင်းကြီးများကို နတ်တို့ဖန်ဆင်းကြောင်း၊ နတ်ရေကန် အလားသဏ္ဍာန်တူကြောင်း ညွှန်းဆိုကြသည့်အတွက် ကြာမျိုးစုံသော စွန်ရဲအင်းကို နတ်ရေကန်ဟု ဆိုရပေလိမ့်မည်။ ဆရာတိုက်ကြည်၏ သမိုင်းရနံ့သင်းကြိုင် လယ်တွင်းမြေမှ မြို့စဥ့်ကိုင် စာအုပ်ပါ ကဗျာဆရာ ဆည်းဆာမောင်ရေးသည့် စွန်ရဲအင်း ကဗျာလေးမှာ အင်းအလှကို ပေါ်လွင်စေပြီး ကြည်နူးဖွယ် တင်ပြလိုပါသည်။

**စွန်ရဲအင်း**

* လေပြေငယ်သုတ်ပါလို့
  ပုတ်လှိုင်း ငွေပြာပြာ
  ယိမ်းနွဲ့ဗေဒါ
  စွန်ရဲအင်းမှာ
  ကြာပြာက အလှထူး။ ။

* ပျော်မြူး ငါးမျိုးစုံနှင့်
  ဖော့တောရုံ စိမ်းတင့်နုရယ်
  အင်း အလှကြည်နူး ။ ။

* ကြာပြာကို ငါခူးလို့
  ချစ်ဦးကိုပန် မိုးနတ်မယ်ဟန်
  ပုတုန်းနက်ဆံ ပျံကာလွင့်ကစား။ ။

* အားမာန်ကုန် လေဟုန်ခွင်း----လို့
  ရွှေဓာတ်တော် တောင်ခြေရင်း
  ပိန်း နှင် လို့သွား။

နောင်တွင်ဥဒါန်းတွင်စေသတည်း ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခုတွင် စွန်ရဲအင်း၏ သဘာဝအလှတရားများကို တွေ့မြင်ကြရပြီးနောက် ပဒုမ္မာကြာများနှင့် တင့်တယ်လှပသော စွန်ရဲအင်းအဖြစ်နိုင်ငံကျော်ခဲ့ပြီး ပြည်တွင်း ပြည်ပခရီးသွားများ ရောက်ရှိလည်ပတ်ကြပါသည်။ အင်းရေပြင်ကြာပန်းခင်းအတွင်း ကြည်နူးနေသည့် ချစ်သူနှစ်ဦးနှင့်အတူ ရေနှင့်ကြာကို ဥပမာပေး၍ သီဆိုထားသည့် နောက်ခံတေးဂီတသီချင်းစာသားများက ကန်၏ အလှကိုလည်းကောင်း၊ ချစ်သူနှစ်ဦးကိုလည်းကောင်း ကိုယ်စားပြုနေပါသည်။

သီချင်းစာသားကို ဖတ်ရှုရုံမျှဖြင့် စွန်ရဲအင်းအလှကို တစ်စိတ်တစ်ပိုင်း အကဲခတ်နိုင်ပေလိမ့်မည်။ တေးသီချင်းစာသားမှာ ဤသို့ဖြစ်သည်-

"နေခြည်လဲ့ဖြာ ရွှေရည်ဝင်းဝါ ကမ္ဘာကြီးရဲ့ အလှဆုံးရှုခင်းသာ......။ ပန်းများသခင် အို ကုမုဒြာ လေသင့်ရာ မွှေးသင်းပျံ့ထုံစွာ၊ ရေကန်မှာကြာရှိမှ သဘာဝအလှတရား ပြည့်စုံလာ၊ အော်ဒီဥပမာ လောက တံထွာ၊ အချစ်ဆိုသော ဝိသေသ မောင့်သူငယ်ချင်းတွေသိစေရာ၊( ဆွတ်ချူမြန်းခွင့်လေး ပေးပါ ပန်ဆင်ပါချစ်ဦးအတွက် လက်ဆောင်ပါ၊ ဆွတ်ချူနမ်းခွင့်လေးပေးပါ မောင့်ချစ်သူ ကုမုဒြာ)၂ ဒီသီချင်းလေးနဲ့ နားလည်ပေးပါဟောဒီမှာကြည့်စမ်း ရေနဲ့ကြာ ဘဝလေးကို အားမကျဘူးလား ချစ်သူ သူငယ်ချင်းရာ" စွန်ရဲအင်းသည် ကမ္ဘာကြီး၏ အလှဆုံးရှုခင်းသာ တစ်ခုပင် ဖြစ်ပါတော့သည်။

**ရှေးဟောင်းသမိုင်းဝင်စွန်ရဲအင်း**

စွန်ရဲအင်းကို ရှေးဟောင်းသမိုင်းဝင်အင်းအဖြစ် ယုံကြည်လက်ခံထားပြီး ဓာတ်တော်ဘုရား သမိုင်းနှင့်ချိန်ညှို၍ ဘုရားရှင်လက်ထက်တော်ကပင် တည်ရှိသောအင်းအဖြစ် အစဉ်အလာ ယုံကြည်မှုရှိပါသည်။ စွန်ရဲဟူသောအမည်ကို ပုဂံခေတ်ကျောက်စာများတွင် တွေ့ရကြောင်း၊ "စွန်ရဲ" ဆိုသည်မှာ မြန်မာစကားအစစ်ဖြစ်၍ "သားငါးပေါများသည့်" ဒေသဖြစ်သည်ဟု အဓိပ္ပာယ်ရကြောင်း အင်းအနီးရှိ မင်းကေရာဇ်ပိုင်လယ်မြေများကို စွန်ရဲလမိုင်းဟုခေါ်ဆိုကြောင်း ဆရာတိုက်ကြည် (စဉ့်ကိုင်) ရေးသည့် သမိုင်းရနံ့သင်းကြိုင် လယ်တွင်းမြေမှ မြို့စဉ့်ကိုင် စာအုပ်တွင် ဖော်ပြထားပါသည်။ အရှေ့ဘက် ရှမ်းရိုးမတောင်တန်းအစပ် ဓာတ်တော်တောင်နှင့် အရှေ့မြောက်ဘက်ရှိ ကိန္နရီတောင်များရှိ ချောင်းမြောင်းများမှ ရေများစီးဆင်းဝင်ရောက်သည့် ကုန်းတွင်းအင်း ဖြစ်ပါသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစ၍ တည်ဆောက်ခဲ့သော သင်းတွဲလက်တံမြောင်း၏ ရေဆုံးရေဖျားတွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပုဂံခေတ်မှစ၍ အရေးပါထင်ရှားသည့် အင်းဖြစ်ပါသည်။ ပတ်ဝန်းကျင်ကျေးရွာခုနစ်ရွာ၏ မိုးစပါး၊ နွေစပါးစိုက်ဧက ၁၅၀၀ ခန့်ကို ရေပေးဝေစိုက်ပျိုးလျက်ရှိသဖြင့် ငါးလုပ်ငန်းသာမက စိုက်ပျိုးရေးအတွက်ပါ အရေးပါသော အင်းဖြစ်သည်။

စွန်ရဲအင်းသည် ဌာနဆိုင်ရာ မှတ်တမ်းများအရ ရေပြင်အကျယ်ဧက ၁၄၆၀၊ အနက်ကိုးပေ၊ ကန်ပေါင်အလျား တစ် ဒသမ နှစ်မိုင်၊ ကန်ပေါင်ထိပ်အကျယ် ၁၂ ပေ၊ ကန်ပေါင်အမြင့် ၁၄ ပေ၊ ရေပိုလွှဲအလျားပေ ၈၀၊ ရေထုတ်ပွှန်တစ်ခု၊ တူးမြောင်းအလျား ငါး ဒသမ ခြောက်မိုင်၊ ရေသောက်ဧရိယာဧက ၃၄၀၀ ရှိပါသည်။

**လေလံအင်းမှ သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ်သို့**

အင်းအဖြစ် စတင်သတ်မှတ်သည့် ခုနှစ်ကို အတိအကျ မသိရသေးသော်လည်း အင်းမြေပုံအထောက်အထားအရ ၁၉၅၉ ခုနှစ်တွင် လေလံရောင်းချနေပြီဖြစ်ကြောင်း တွေ့ရသည်။ ၁၉၈၉-၁၉၉၀ ပြည့်နှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနသို့ လေလံအင်းအဖြစ် လွှဲပြောင်းပေးခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနမှလည်း လေလံအင်းအဖြစ် ရောင်းချခဲ့ကြောင်း မှတ်တမ်းများတွေ့ရသည်။မှတ်တမ်းများအရ ၁၉၈၉- ၁၉၉၀ ပြည့်နှစ်တွင် စွန်ရဲရွာနေ ဒေါ်ချောမဆိုသူက အင်းလေလံကြေးကျပ် *စာမျက်နှာ ၁၇ သို့*

**❊ စွန်ရဲအင်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် စွန်ရဲရွာအနီးတွင် တည်ရှိပြီး မန္တလေးမြို့မှ လွယ်လင့်တကူ သွားရောက်နိုင်သဖြင့် ပြည်တွင်း ပြည်ပခရီးသွားများဖြင့် စည်ကားစ ပြုနေပြီဖြစ်သည်။ တောတောင်သဘာဝအလှများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ရောက်ရှိလာသည့် ခရီးသွားများအား အညာဒေသ အပူဒဏ်ကို မေ့လျော့သက်သာစေသည်အထိ ဆွဲဆောင်ညို့ငင်အားကောင်းသည့် အင်းကြီးဖြစ်သည်ဆိုပါလျှင် အမွှမ်းတင်လွန်းသည်ဟု ဆိုကြပေလိမ့်မည်။ စွန်ရဲအင်း ရေပြင်အနှံ့ ပဒုမ္မာကြာများ ပြည့်နှက်နေသည့်အတွက် ကုမုဒြာကြာအင်းဟုလည်းကောင်း၊ ပဒုမ္မာကြာကန်ဟုလည်းကောင်း ခေါ်ဆိုကြပါသေးသည်။ မြန်မာမှုနယ်ပယ်တွင် ပဒုမ္မာရွှေကြာ၊ ကြာဖြူ၊ ကြာနီ ၊ ကြာညို၊ ကြာပြာဟူ၍ ကြာမျိုးငါးမည်ရှိကြောင်း ဖွင့်ဆိုပါသည်။ ကြာမျိုးငါးပါးနှင့်ပြည့်စုံသော ကန်ကြီး၊ အင်းကြီးများကို နတ်တို့ဖန်ဆင်းကြောင်း၊ နတ်ရေကန် အလားသဏ္ဍာန်တူကြောင်း ညွှန်းဆိုကြသည့်အတွက် ကြာမျိုးစုံသော စွန်ရဲအင်းကို နတ်ရေကန်ဟု ဆိုရပေလိမ့်မည်**

# ကယားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အရှိန်မြှင့်ဆောင်ရွက်မည်

လွိုင်ကော်  စက်တင်ဘာ ၁၁

**ကယားပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၈/၂၀၂၂)ကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့ရာ ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။**



ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မြန် အိုမီခရွန် ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်ခံရသူများကို စောင့်ရှောက် ကုသနိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ပိုးတွေ့ရှိပါက ရောဂါကူးစက်ခံရသည့် အကြောင်းရင်းများနှင့် ခရီးသွားလာခဲ့မှု အခြေအနေများကို ဆန်းစစ်ရန်၊ မြို့နယ်အသီးသီးတွင် ရောဂါဖြစ်ပွားလာပါက ကုသရေးအတွက် ကြိုတင်စီမံပြင်ဆင်ထားရန်၊ အထောက်အကူပြုပစ္စည်းများ အဆင်သင့်ရှိစေရေး၊ လုံလောက်မှုရှိစေရေး စီစဉ်ဆောင်ရွက်ထားရန်၊ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း မြို့နယ်အသီးသီး၌ သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်၊ ပြည်နယ်အတွင်း ရောဂါဖြစ်ပွားမှုနှင့် ကူးစက်မှုလုံးဝလျော့နည်းပပျောက်စေရေးအတွက် ကော်မတီဝင်များက လုပ်ငန်းကဏ္ဍအသီးသီးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။ (ယာပုံ)

ဆက်လက်၍ ကယားပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်ဝေက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ပြည်နယ်ကော်မတီအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**



## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် / ဓာတ်ပုံပြပွဲပြုလုပ်

**ကော့သောင်း  စက်တင်ဘာ ၁၁**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်/ဓာတ်ပုံပြပွဲကို ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပုလုံးတုံတုံးကျေးရွာရန်ကြီးအောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ စက်တင်ဘာ ၁၀ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက လူသားအချင်းချင်း ရောင်းကုန်အဖြစ်ပြုမူကာ လူမှောင်ခိုကူးသည့်ပြဿနာသည် ယနေ့ကမ္ဘာနှင့်အဝန်း ကြီးမားသည့်ပြဿနာတစ်ရပ်အဖြစ် နိုင်ငံတိုင်းတွင် ရင်ဆိုင်ကြုံတွေ့နေကြရသဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူကလေးငယ်များ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဖြစ်စဉ်များအကြောင်းသိကောင်းစရာများ၊ နယ်စပ်ဒေသဖြစ်၍ လူကုန်ကူးသူများအန္တရာယ်မှ ကင်းဝေးနိုင်ရေး ကျောင်းသား ကျောင်းသူများ လိုက်နာဆောင်ရွက်ရမည့် ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပြီး လူမှောင်ခိုနှင့်လူကုန်ကူးမှုဆိုင်ရာ သိမှတ်ဖွယ်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သတိပြုလိုက်နာရမည့် ဗဟုသုတဖြစ်ဖွယ် ဓာတ်ပုံများကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **ကျော်စိုး(ကော့သောင်း)**

*စာမျက်နှာ ၁၆ မှ*

၂၀၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၀၇- ၂၀၀၈ ခုနှစ်တွင် မြစ်ငယ်မြို့နေ ဦးမြင့်ဝေက ငွေကျပ် ၁၀၃၆၆၀၀ဖြင့် လည်းကောင်း ဝယ်ယူခဲ့ကြောင်း တွေ့ရသည်။

စွန်ရဲအင်းကို သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသို့ ညှိနှိုင်းတောင်းခံခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ ၁-၄-၂၀၀၈ နေ့တွင် လွှဲပြောင်းပေးခဲ့သည်။ ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အမိန့်ကြော်ငြာစာအမှတ် - ၈/၂၀၀၈ ဖြင့် စွန်ရဲအင်းအား သီးသန့်အင်း( RESERVED FISHERY ) အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒြပ်ပစ္စည်း သိပ္ပံသုတေသနဌာနမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် (၂၁/၂၀၁၈) ဆုံးဖြတ်ချက်အရ စွန်ရဲအင်းအား ကျောက်ဆည်ခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ အုပ်ချုပ်မှုအောက်တွင်ထား၍ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့ပါသည်။

### ငါးလုပ်ငန်းမှတ်တမ်းများ

စွန်ရဲအင်း၏ ရေပြင်အနေအထား မှတ်တမ်းများအရ အင်းဂရန်ကိုင် ဒေါ်ချောမလက်ထက် ၁၉၈၉- ၁၉၉၀ ပြည့်နှစ်တွင် အင်းရေအများဆုံးအချိန်တွင် ရေပြင် ၁၃၈၂ ဧက၊ အနက် ၁၈ပေ၊ အင်းရေအနည်းဆုံးအချိန် ရေပြင်ဧက ၆၀၀၊ အနက်ကိုးပေ၊ ငါးဖမ်းလုပ်ကိုင်နိုင်သော ရေပြင်ဧက ၁၀၀ မှ ၃၀၀၊ အင်းဂရန်ကိုင် ဦးမြင့်ဝေလက်ထက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှ ၃၁-၃-၂၀၀၈ အထိနှစ်တွင် အင်းရေအများဆုံးအချိန်တွင် ရေပြင် ၁၃၈၂ ဧက၊ အနက် ၁၈ ပေ၊ အင်းရေအနည်းဆုံးအချိန်ရေပြင်ဧက ၆၀၀ အနက်ကိုးပေ၊ ငါးဖမ်းလုပ်ကိုင်နိုင်သောရေပြင် ဧက ၆၀၀ မှ ဧက ၁၂၅၀ ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်ထက် (၁-၄-၂၀၀၈ ခုနှစ်မှ ၂၈-၈-၂၀၁၁) ခုနှစ်တွင် အင်းရေအများဆုံးအချိန်တွင် ရေပြင် ၁၃၈၂ ဧကအနက် ၁၁ ပေ၊ အင်းရေအနည်းဆုံးအချိန် ရေပြင် ဧက ၃၀၀ အနက်သုံးပေ၊ ငါးဖမ်းလုပ်ကိုင်နိုင်သော ရေပြင်ဧက၂၅၀ မှ ၅၀၀ တို့ဖြစ်သည်။


အင်းရေပြင်မှတ်တမ်းများအရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်တွင် အင်းပြုပြင်မှုအပိုင်း အားနည်းသွားကြောင်းကို စွန်ရဲအင်းရေပြင် အနေအထား မှတ်တမ်းအရ သိရှိရပေသည်။ ငါးထုတ်လုပ်မှုတွင် ဒေါ်ချောမ တစ်နှစ်ပျမ်းမျှပိဿာ ၂၀၀၀၀၊ ဦးမြင့်ဝေ တစ်နှစ်ပျမ်းမျှပိဿာ ၁၄၅၀၀၀၊ သိပ္ပံနှင့် နည်းပညာ တစ်နှစ်ပျမ်းမျှ ၃၁၈၇၇ ပိဿာတို့ဖြစ်သည်။ ယခင်အင်းဂရန်ကိုင်များ လက်ထက်တွင် အင်းအားပြုပြင်ခဲ့ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းများမရှိဘဲ သဘာဝတိုင်း ဖမ်းဆီးလုပ်ကိုင်ခဲ့ကြောင်း တွေ့ရပြီး၊ ဂရန်ကိုင် ဦးမြင့်ဝေလက်ထက်တွင် အင်းပြုပြင်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းများကို ဆောင်ရွက်ခဲ့သဖြင့် ငါးအထွက်နှုန်းကောင်းမွန်ခြင်း၊ ငါးနေငါးထိုင်တောများ ကျယ်ပြန့်လာခြင်းတို့ကို တွေ့ရသည်။ သို့ဖြစ်၍ အင်းများကို ပြုပြင်စောင့်ရှောက်ခြင်းသည် အရေးကြီးသော ဆောင်ရွက်ချက် ဖြစ်ပါသည်။ ငါးကျည်း၊ ငါးခူ၊ ငါးရံ့၊ ငါးခုံးမ၊ ငါးဖယ်၊ ငါးဖန်းမ၊ ငါးမြွေထိုး၊ တီလားပီးယား၊ ငါးစင်ရိုင်း၊ ငါးဖျင်းသလက်၊ ငါးပနော်၊ ငါးပြေမ၊ ပုစွန်၊ ငါးဘဲဖြူ စသည့် သဘာဝငါးများနှင့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးသိုင်းခေါင်းပွစသည့် မွေးမြူရေးငါးများကို ဖမ်းဆီးရရှိသည်။ ငါးဖမ်းကိရိယာအမျိုးအစားများမှာ တန်းပိုက်များ၊ မြှုံးများနှင့် ကွန်များဖြစ်သည်။

### ကြာချည်လုပ်ငန်း

စွန်ရဲအင်းရှိ ပဒုမ္မာကြာများကို ၂၀၀၃-၂၀၀၄ ခုနှစ်ခန့်တွင် ရှမ်းပြည်နယ်မှ ခနုတိုင်းရင်းသူ ဒေါ်မိငယ် ရောက်ရှိလေ့လာခဲ့ပြီးနောက် ခနုတိုင်းရင်းသား ၃၀ အင်းလေးဒေသခံ ၄၀ တို့ ကြာချည်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ ဒေသခံများကို ဆက်လက်သင်ကြားပေးခဲ့ပြီး ယခုအခါ ကြာပင်ရိတ်သည့် စက်လှေ ၃၀ ခန့်၊ ကြာချည်ထုတ်လုပ်သူ ၈၀ ခန့် လုပ်ကိုင်လျက်ရှိသည်။ စွန်ရဲအင်းအတွင်း ကြာပင်ပေါက်သောဧရိယာမှာ ဧက ၅၀၀ ခန့်ရှိကြောင်း သိရသည်။ ကြာချည်လုပ်ငန်းမှာ အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းဖြစ်ပြီး တစ်ဦးလျှင်တစ်ရက် နှစ်ကျပ်သားခန့်ထုတ်လုပ်နိုင်ပြီး နေ့စဉ်ဝင်ငွေကျပ် ၈၀၀၀ ခန့် ရရှိနိုင်ပါသည်။ ရရှိသော ကြာချည်များကို အင်းလေးဒေသသို့ တင်ပို့ရောင်းချခြင်းဖြစ်ပြီး ကြာသင်္ကန်းနှင့် လက်ဆောင်ပစ္စည်းများ ရက်လုပ်ရာတွင် အသုံးပြုသည်။ တစ်နှစ်လျှင် ကြာချည်ပိဿာ ၄၀၀ မှ ၄၅၀ ဝန်းကျင်ထွက်ရှိသည်။ စားသောက်ဆိုင်လေးများ စွန်ရဲအင်းသို့ ရောက်ရှိပါက အင်းစောင်းရှိ စားသောက်ဆိုင်လေးများတွင် အနားယူရန် တိုက်တွန်းရမည်ဖြစ်သည်။ အင်းအတွင်းမှ ထွက်ရှိသည့်လတ်ဆတ်သော ငါးကြော်တစ်ပွဲ၊ ပုစွန်ကြော်တစ်ပွဲ၊ ငါးသံပရာပေါင်းတစ်ပွဲ၊ ကြာဖက်လိပ်သုပ်တစ်ပွဲ၊ ထမင်းဖြူငါးပွဲတို့အား ငွေကျပ်တစ်သောင်းနှစ်ထောင်ဝန်းကျင်ဖြင့် အရသာရှိရှိ သုံးဆောင်နိုင်မည်ဖြစ်သည်။ လူကြိုက်အများဆုံး ဟင်းလျာမှာ ငါးသံပရာပေါင်းနှင့် ကြာဖက်လိပ်သုပ် ဖြစ်ပါသည်။ ဒေသထွက်များဖြင့် ဖန်တီးထားသည့် ရိုးရှင်းသော လက်ရာလေးများ ဖြစ်ပါသည်။

### ဖိတ်ခေါ်ပါရစေ စွန်ရဲမြေ

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၄၀၆/၄ ဘယ်လင်းကျေးရွာမှ ခုနစ်မိုင်ခန့် အကွာအဝေးတွင် တည်ရှိပြီး အလွယ်တကူ လာရောက်နိုင်ပါသည်။ စွန်ရဲအင်းခရီးနှင့်အတူ ကျောက်ဆည်ရွှေသိမ်တော်ဘုရား၊ ကျောက်ဆည်တောင်ဘုရားစေတီများ၊ ဓာတ်တော်တောင်ဘုရား၊ မက္ခရာမြို့ဟောင်းရှိ ဘုရားပုထိုးများ၊ ပလိပ်မြို့ပေါ်တော်မူ ဘုရားများ၊ စခန်းမဝေးသည့် မြို့မန္တလေး၊ မြို့အမရပူရ၊ ရွှေအင်းဝနှင့် ပန်းမြို့တော် ပြင်ဦးလွင်ဆီသို့ ခရီးစဉ်ဆက်နိုင်ပါသေးသည်။ သို့ဖြစ်၍ ရေးနှစ်ပေါင်းများစွာကပင် ဘိုးစဉ်ဘောင်ဆက်၊ သားစဉ်မြေးဆက် နှစ်ပေါင်းကာလကြာရှည်စွာ လုပ်ကိုင်စားသောက်ခဲ့ကြရသော ဘိုးဘွားတို့၏ လက်ဆင့်ကမ်း အမျိုးသားအမွေအနှစ် (National Heritage) တစ်ရပ်ဖြစ်သည့် အညာမြေ၏ အလှဆုံးရှုခင်း စွန်ရဲအင်းသို့ လာရောက်လည်ပတ်ရင်း သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်ပါရန် ဖိတ်ခေါ်ရင်း နိဂုံးချုပ် အပ်ပါသည်။ ။




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က အဆက်ဖြစ်တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ ပတ်သက်ပြီး ဖော်ပြတဲ့နေရာမှာ Simple Present Tense နဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေ၊ ရှင်းလင်းချက်တွေကို နမူနာဝါကျများနဲ့ ဝေဝေဆာဆာ ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about environmental issues in English–2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက်စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ အရင်အပတ်က အဆက်ဖြစ်တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး ဖော်ပြတဲ့နေရာမှာ Simple Present Tense နဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေ၊ ရှင်းလင်းချက်တွေကို နမူနာဝါကျများနဲ့ ဝေဝေဆာဆာ ဆက်လက်ဖော်ပြလိုက်ပါတယ်။

✓ သတင်းခေါင်းစဉ်များရေးသားရာတွင်လည်းကောင်း

**Example:**

- Thatcher urges Bush to 'finish business of Iraq'
- Dinosaur hunters find vomit from 'sickysaurus'
- Harry pays tribute to 'cheeky' grandpa Prince Philip as he returns to UK for funeral

✓ လက်ရှိတစ်ပြိုင်နက်ဖြစ်သော ဖြစ်စဉ်များကို ဖော်ပြရာတွင် လည်းကောင်း

**Example:**

- Billy walks by and kicks a stone.



Simple Present Tense တွင် များသောအားဖြင့် Sentence (ဝါကျ) ပုံစံ လေးမျိုးရှိသည်။

- Positive or Statement or Affirmative
- Negative
- Question and Wh/H Question
- Interrogative Negative

**Positive/Statement/Affirmative**

| | |
|---|---|
| I | work |
| We | like |
| You | do |
| They | have |
| He | works |
| She | likes |
| It | has |
| Sub (Singular) | Singular Verbs |
| Sub (Plural) | Plural Verbs |

**Negative**

| | | |
|---|---|---|
| I<br>We<br>You<br>They | do not (don't) | work<br>like<br>do<br>have |
| He<br>She<br>It | does not (doesn't) | work<br>like<br>do<br>have |

**Question**

| do/ does | subject | always/ often/ usually | infinitive | the rest sentence |
|---|---|---|---|---|
| Do | you | | work | in the evening? |
| Do | your friends | | live | near here? |
| Does | Chris | | play | tennis? |
| Do | you | always | have | breakfast? |
| Does | Adam | often | play | football? |

**Wh/H Questions**

| Wh/H | Do/ does | Subject | Always/ usually/ often | Infinitive | the rest sentence |
|---|---|---|---|---|---|
| Where | do | your parents | | live? | |
| How often | do | you | | wash | your hands? |
| What | does | this word | | mean? | |
| How much | does | it | | cost | to fly to Rome? |
| What | do | you | usually | do | at weekends? |

**Interrogative Negative**

1. **Do** I *not go* to school? Or Don't I go to school?
2. **Do** we *not dance* in the pub? Or Don't we dance in the pub?
3. **Do** they *not worship* the cows? Or Don't they worship the cows?
4. **Do** you *not browse* the internet? Or Don't you browse the internet?
5. **Does** he *not develop* Android Apps? Or Doesn't he develop Adroid Apps?
6. **Does** she *not use* Instagram? Or Doesn't she use Instagram?
7. **Does** it *not rain* during the rainy season? Or Doesn't it rain during the rainy season?

## Vocabulary (Antonyms)

1. hide (ပုန်းသည်) ≠ show (ပြသသည်)
2. high (မြင့်သော) ≠ low (နိမ့်သော)
3. hill (တောင်ကုန်း) ≠ valley (တောင်ကြား)
4. hit (ထိမှန်သည်) ≠ miss (လွဲချော်သည်)
5. hollow (အခေါင်းပွဖြစ်သော) ≠ solid (အခေါင်းပိတ်ဖြစ်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



### Shortest way to talk about environmental issues in English–2

**ဒီတစ်ပတ်မှာတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအကြောင်း ပြောဆိုတဲ့နေရာမှာ waste and recycling (စွန့်ပစ်ပစ္စည်းများနဲ့ ပြန်လည်အသုံးပြုပုံ) အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်း ရမလဲဆိုတာတွေကို "Shortest way to talk about environmental issues–2" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**have to put …**

၁။ တစ်ခုခုကိုလုပ်ဖို့လိုတယ်၊ လုပ်ရတယ်ဆိုရင် have to နဲ့သုံးပါတယ်။ ဒီ have to ရဲ့နောက်မှာတော့ infinitive လိုက်ရမှာပါ။ ဆိုလိုတာကတော့

I have to put

I have to play

I have to do စသဖြင့် ဖြစ်ပါတယ်။ ဥပမာ –

- I *have to put* all recyclable stuff in the blue bin.

**can recycle …**

၂။ လုပ်နိုင်တယ်ဆိုပြီး လုပ်နိုင်စွမ်းကို ဖော်ပြချင်ရင်တော့ can နဲ့ သုံးပါတယ်။ တစ်ခုခုကို လုပ်နိုင်တယ်ဆိုရင် ဒီလိုပြောလို့ရပါတယ်။

can swim

can ski

can jump

can fly စသဖြင့် ဖြစ်ပါတယ်။ ဥပမာ –

- In my hometown you *can recycle* a few things, like glass, but we don't sort our garbage like this.

**as much as possible …**

၃။ as much as possible ကို ဖြစ်နိုင်သမျှ ဖြစ်နိုင်စွာ၊ တတ်နိုင်သမျှ တတ်နိုင်စွာ စသဖြင့် အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ ဥပမာ –

- Now we've got used to sorting our rubbish and recycling *as much as possible*.

**Conversation**

**Sort your garbage**

**Tom:** Whoa! What are you doing?

**May:** What do you mean?

**Tom:** You can't throw that in there!

**May:** Why not? It's garbage.




**Tom:** Yeah, but it's recyclable. It goes in the blue bin.

**May:** You mean, I have to put all recyclable stuff in the blue bin?

**Tom:** Not all. Plastics go in the blue bin, paper and card in the brown bin, and bio-waste in the green one.

**May:** 'Bio-waste?'

**Tom:** You know, food waste and stuff like that.

**May:** Is that it?

**Tom:** The black bucket is for glass and tins. Do you not recycle?

**May:** In my hometown you can recycle a few things, like glass, but we don't sort our garbage like this. It seems very complicated!

**Tom:** Then what, all of your rubbish just goes into landfill?

**May:** I guess… I've never thought about it. I just throw stuff away and forget about it.

**Tom:** It was the same here not so long ago, but now we've got used to sorting our rubbish and recycling as much as possible. It's much more environmentally friendly.

**May:** I'm sure you're right.

**Here are some questions for your practice!**

- In your city, do you sort your garbage? If so, how?
- What waste is commonly recycled in your country?
- What happens to non-recyclable waste?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၉-၂၀၂၂ တနင်္လာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနာသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၄၅ | This Week's Special Interest |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ | ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း-၁၃) |
| ၁၀:၃၀ | ရာဇဝင်ထဲက သမိုင်းအနုပညာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ | ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၆) | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၂၃) |
| ၁၃:၃၀ | MRTV National News | | |
| ၁၆:၃၅ | ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ | | |

**mitv**

07:01 Evergreen Classic: Lat Yay Ta PyinHtal (Yin Wai Yan Tun)
07:10 NgaLaik Dam &NgaLaikKanTha Eco Resort
07:21 Will you feed the pigeons?
07:27 Bottle Gourd Painting
07:32 Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
08:01 News
08:26 Asia Updates: Racing against the Coronavirus (Epi-2) (P-1) For a Shared Future
08:48 Myanmar Childhood Games (Episode-2)
08:56 Graffiti: Character Art
09:01 Myanma Gone Yi U SeinTunKyi
09:26 Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
09:49 Gold from Garbage

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သာယာလှပသော ကျူထော်ရေတံခွန်သို့ သွားကြရအောင်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၁)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အစွမ်းထက်တဲ့ ငရုတ်ကောင်းအကြောင်းသိကောင်းစရာ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
မျိုးဝုဏ်တင့်စေ ယဉ်ကျေးမှုအမွေ (အပိုင်း-၁)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပင်လောင်းသို့ ခရီးသွားခြင်း (အပိုင်း-၁)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
နမ့်လျှန်ချောင်း (ဟိုပန်မြို့)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဝုံးအစပ်ချက်နှင့် သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပုသိမ်ထီးလုပ်ငန်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၄၅ | သတင်းသမားပြောတဲ့ သတင်းစကား |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်းသိမှတ်စရာ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် (သမဝါယမဦးစီးဌာန) |
| ၀၇:၀၀ | လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့ |
| ၀၈:၂၀ | တောင်သူဦးကြီးဘဝမြင့်တင်ဖို့ ကြယ်ပဲသီးနှံစိုက်ကြစို့ |
| ၀၉:၂၀ | တောင်သူလယ်သမားများအကျိုးတို့သယ်ပိုး |
| ၀၉:၄၅ | ခေတ်မီတွေးမြင်နည်းသစ်ထွင် |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ချင်းပြည်နယ် မတူပီမြို့၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၊ သပိတ်ကျင်းမြို့နှင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၉၈၅ ကျပ် | ၃၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၇၀ ကျပ် | ၃၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၁၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၀၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၈၄၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၈၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၆ . ၈၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၉၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၂၄၀ | ၃၃၈၀၇၀၀၀ |
| MTSH | ၃၇၅၀ | ၃၅၀၀ | ၆၂၄၅ | ၂၂၂၈၁၄၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၁၉၅ | ၁၅၄၁၅၀၀ |
| FPB | ၂၃၅၀၀ | ၂၂၀၀၀ | ၁၀၆၉ | ၂၃၉၃၃၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၆၄၅ | ၁၈၀၃၇၅၀ |
| EFR | ၂၈၀၀ | ၂၇၀၀ | ၁၄၁၀ | ၃၉၄၇၂၀၀ |
| AHP | ၅၄၀၀ | ၅၄၀၀ | ၂၅၃ | ၁၃၆၆၂၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၁၆၀ |
| 95 Ron | ၂၄၇၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၅၁၅ | ၂၅၄၀ | ၂၅၂၅ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၁၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၀ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၅ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၅၈ | ၂၄၃၉ |
| HSD (500 ppm) | ၂၈၆၃ | ၂၉၅၀ |
| HSD (50 ppm) | ၂၉၄၃ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၃ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း ရွေ့လျားဈေးကား ရောင်းချ

ရန်ကုန် စက်တင်ဘာ ၁၁

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉)တိုးချဲ့ရပ်ကွက် ကနောင်မင်းသားကြီးလမ်းရှိ ကနောင်အိမ်ရာဝင်းအတွင်း ယနေ့ နံနက်ပိုင်းက ရွေ့လျားဈေးကား (Mobile Market)စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် နေအိမ်အနီး အလွယ်တကူဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းများ ဝေငှသည်။**

ထို့အပြင် ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ နှုန်းဖြင့် အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားစီကို လည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ၁၇၅ ကျပ် နှုန်းဖြင့် အိမ်ထောင်စု တစ်စု လျှင် ၁၀ လုံးစီကို လည်းကောင်း စနစ်တကျ ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အမှန် တကယ်လိုအပ်သည့် ရပ်ကွက် များကို အလှည့်ကျ ဝင်ရောက် ရောင်းချပေးနိုင်ရေး၊ ဝင်ငွေနည်း မိသားစုများကို ရေရှည်ရောင်းချ ပေးနိုင်ရေးတို့အတွက် သက်ဆိုင် ရာ တာဝန်ရှိသူများနှင့် ဆွေးနွေး ညှိနှိုင်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

အလားတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အနေဖြင့် မင်္ဂလာတောင်ညွန့် မြို့နယ် မအူကုန်းစည်ပင်အိမ်ရာ ဝင်း၊ လသာမြို့နယ် (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် လမ်း ၅၀ အိမ်ရာနှင့် အမှတ်(၆၅၆) ပင်မ လျှပ်စစ်တပ် အိမ်ထောင်သည် လိုင်းတို့တွင်လည်း Mobile Market စနစ်ဖြင့် ဈေးရောင်းချပေးခဲ့ ကြောင်း သိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး နှင့်အဖွဲ့သည် (၉၁) ရပ်ကွက် ပဲခူးမြစ်လမ်းရှိ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်စည်ပင် သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက် ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၇၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူ ပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန် အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက် ၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ် တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၇၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက် ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများ ကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာ နိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ကျိုက်လတ်မြို့ မြို့မဈေးကြီးအတွင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ် မသုံးစွဲရေး Campaign ပြုလုပ်ခြင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်း မရှိစေရေးအတွက် နှာခေါင်းစည်း ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်စဉ်။ သတင်းစဉ်

# ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ယာဉ်တိုက်မှုစာရင်းအရ ရန်ကုန်တိုင်းဒေသကြီး၌ ဒဏ်ရာရသူ ၉၂ ဦး၊ သေဆုံးသူ ၃၂ ဦးရှိ

ရန်ကုန် စက်တင်ဘာ ၁၁

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ စက်တင်ဘာ ၉ ရက်က ပြုလုပ်သည်။**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးတွင် မှတ်ပုံတင်ထားသောမော်တော်ယာဉ်စီးရေ ငါးသိန်းကျော်၊ မော်တော်ဆိုင်ကယ်စီးရေ သုံးသိန်းကျော် ရှိသည့်အတွက် တစ်နိုင်ငံလုံး မော်တော်ယာဉ်စီးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ယာဉ်တိုက်မှုစာရင်း အရ ရန်ကုန်တိုင်းဒေသကြီး၌ အမှု ၈၀၊ ဒဏ်ရာရသူ ၉၂ ဦး၊ သေဆုံးသူ ၃၂ ဦးနှင့် ယာဉ်တိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ကျပ် ၆၈ ဒသမ ၁၉ သန်းကျော် ဆုံးရှုံးခဲ့ရပြီး ယာဉ်မတော်တဆမှုကြောင့် တစ်ရက်လျှင် တစ်ယောက်နှုန်း သေဆုံးလျက်ရှိကြောင်း၊ မော်တော်ဆိုင်ကယ်အချင်းချင်း တိုက်မှုများတွင်လည်း ဆိုင်ကယ်စီးဦးထုပ် မဆောင်း၍ ဒဏ်ရာရ၊ သေဆုံးမှုများနှင့် အရက်သောက်ပြီး မောင်း၍ သေဆုံးမှု၊ ဒဏ်ရာရမှုများ တစ်နှစ်ထက်တစ်နှစ် များပြားလာကြောင်း၊ ထို့ကြောင့် လက်တွေ့ကျကျ စစ်ဆေးအရေးယူမှုများ ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းထွဋ်နှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သန်းမြင့်တို့က ယာဉ်မတော်တဆဖြစ်မှုများ လျှော့ချနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး၊ ဖြစ်ပွားသည့် ယာဉ်တိုက်မှုများအား စုံစမ်းဖော်ထုတ် တရားစွဲတင်ပို့သည့်လုပ်ငန်းများနှင့် ယာဉ်တိုက်ခိုက်မှုကြောင့် ပြည်သူတို့၏အသက်အန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနေမှုများ လျှော့ချနိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ဝင်းတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးကိုလည်းကောင်း ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ပြည်သူတစ်ရပ်လုံးအနေဖြင့် လိုက်နာလာစေရန်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် ပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာလုပ်ငန်းများအား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ကျေးရွာ ၇၄ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဆောင်ရွက်မည်

**မန္တလေး စက်တင်ဘာ ၁၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် နေကြာအပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးသော ကျေးရွာများရှိ တောင်သူများအား တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကို မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာ ၇၄ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



ကျေးရွာတစ်ရွာ၌ ဆီထွက်သီးနှံနှမ်းခင်းများ ရိတ်သိမ်းနေစဉ်။

အဆိုပါစီမံကိန်းကို တိုင်းဒေသကြီး အတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များရှိ ကျေးရွာ ၇၄ ရွာ၌ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်း ဆောင်ရွက်ရာတွင် ကျေးရွာရှိ အိမ်ခြေနှင့် ဆီထွက်သီးနှံ စိုက်ပျိုးသောတောင်သူ၊စိုက်ပျိုးဧကများအပေါ်မူတည်၍ စီမံကိန်းထောက်ပံ့ရန်ပုံငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စောက ပြောသည်။

"မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်များအတွင်း ဆီထွက်သီးနှံစိုက်ပျိုးတဲ့ ကျေးရွာတွေမှာ လမ်းညွှန်မှုတွေအတိုင်း ဆောင်ရွက်သွားမှာပါ။ စီမံကိန်းဆောင်ရွက်တဲ့အခါမှာ အိမ်ခြေ/ တောင်သူ ၁၀၁ နဲ့ အထက်အား (ပုံစံ-၁) အနေနဲ့ စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၃၀၀ ထောက်ပံ့မှာဖြစ်ပါတယ်။ အိမ်ခြေ/ တောင်သူ ၅၁ နဲ့ ၁၀၀ ကြားကို (ပုံစံ-၂) အနေနဲ့ စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၂၀၀ ထောက်ပံ့မှာဖြစ်ပါတယ်။ အိမ်ခြေ/ တောင်သူ ၅၀ နဲ့ အောက်ကို (ပုံစံ-၃) အနေနဲ့ စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့မှာဖြစ်ပါတယ်။ စီမံကိန်းကို စုစုပေါင်းအမျိုးအစားသုံးမျိုးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ အဲဒီကျေးရွာတွေမှာ စီမံကိန်းမိတ်ဆက်ခြင်းနဲ့ ကျေးရွာစီမံကိန်းကော်မတီဝင် ဖွဲ့စည်းခြင်းတွေကို ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါကျေးရွာများ၌ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများကို အမျိုးအစားအလိုက် ထောက်ပံ့ပေးမည်ဖြစ်ပြီး ချေးငွေအထောက်အပံ့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအနက်မှ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသောတောင်သူများကို ပထမဦးစားပေး၍ အခြားအဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများကို ဒုတိယဦးစားပေး၊ အခြား သီးနှံစိုက်ပျိုးသော တောင်သူများကို တတိယဦးစားပေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်း ဆောင်ရွက်သူများအပါအဝင် ၎င်းတို့ လိုအပ်မည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များအတွက် အတိုးနှုန်းသက်သာသော ချေးငွေများဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၀ ရက်က ဆောင်ရွက်ပေးစဉ်။ဝင်းထိန်(ပြန်/ဆက်)

# ကော့သောင်းမြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ Cash For Work စီမံကိန်းဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ကော့သောင်း စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ချောင်းစလန်းကျေးရွာ၊ စိုင်းဒင်းကျေးရွာတို့၌ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် အခြားသောဘေးအန္တရာယ်များ၏ အကျိုးဆက်များခံစားရသော ကျေးရွာသူကျေးရွာသားများအား လုပ်အားခငွေပေးချေခြင်းဖြင့် ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး Cash For Work (CFW) စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက စက်တင်ဘာ ၉ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှူး ဦးစိုးဝေနှင့် အင်ဂျင်နီယာအဖွဲ့များက ကျေးရွာစီမံကိန်းကော်မတီများနှင့် အတူ ချောင်းစလန်းကျေးရွာ၌ Cash For Work စီမံကိန်းထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ ဖြင့်ကျန်းမာရေးဆေးပေးခန်းပြုပြင်ခြင်း အလျားပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၀ ပေ လုပ်ငန်းပြီးစီးမှုနှင့် စိုင်းဒင်းကျေးရွာ၌ ဘက်စုံသုံးအဆောက်အအုံတည်ဆောက်ခြင်း အလျားပေ ၂၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ လုပ်ငန်းများ၊ မြေစွန်းကျေးရွာ၌ (CFW) စီမံကိန်းဖြင့် ဂျင်းလမ်းခင်းခြင်းလုပ်ငန်း အရှည် ၂၈၇၅ ပေ၊ အကျယ် ၁၀ ပေ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို ဩဂုတ် ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကျေးရွာနှစ်ရွာရှိလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၃၉၂ အိမ်နှင့် လူဦးရေ ၁၆၃၁ ဦးတို့အား အကျိုးပြုမည်ဖြစ်ပြီး လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုပြည့်(ကျေးလက်)**

# ဖျာပုံမြို့နယ်၌ တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့အဖြစ်သတ်မှတ်

**ဖျာပုံ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့ အဖြစ် သတ်မှတ်ထားရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးရောင်းချနေသူများအနေဖြင့် ပလတ်စတစ်အိတ် အစား ကြာရွက်၊ ငှက်ပျောရွက်၊ တောင်စွန်ရွက်တို့ဖြင့် အစားထိုးထုပ်ပိုးသုံးစွဲစေရေးအတွက် အသိပညာပေးမှုများလည်း ဆောင်ရွက်ထားသည်။

အသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ကာ လိုက်နာခြင်းရှိ မရှိကို မြို့နယ်စည်ပင်သာယာရေး ကော်မတီက ဦးဆောင်သည့် ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နောက်ကျပယ်နယ်တီဂိုးများကြောင့် မြန်မာအသင်း အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ပထမပွဲတွင် အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၃ အာရှဖလား ယူ-၂၀ခြေစစ်ပွဲ အုပ်စု (က) ပထမနေ့အဖြစ် မြန်မာအသင်းနှင့် တရုတ်အသင်းတို့ မြန်မာစံတော်ချိန် စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီက ဆော်ဒီအာရေဗျနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းအနေဖြင့် ယခုထက် ပိုကောင်းသည့် ရလဒ်ရရှိသင့်သော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ပယ်နယ်တီ နှစ်လုံး ပေးလိုက်ရပြီး ယင်းဂိုးများကြောင့် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အောင်ပြည့်ဖြိုး (ဂိုး)၊ ကိုးသန်းဇော်၊ လန်းဆန်းအောင်၊ ကောင်းထက်ပိုင်၊ ဇော်ဝင်းသိန်း၊ ထွန်းထွန်းသိန်း၊ စောသန်းကိုသန်း၊ ရဲရင့်ဖြိုး၊ ဥက္ကာနိုင်၊ စွမ်းထက်၊ သိန်းဇော်သီဟတို့ဖြင့် ပွဲထွက်ခဲ့သည်။ ၁၃ မိနစ်တွင် အာဖာယီဒင်က တရုတ်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၂၂ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရကာ ဥက္ကာနိုင်က သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးပေါက် ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးထပ်မရသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် တရုတ်အသင်းက ဂိုးရရန် ကြိုးပမ်းလာသော်လည်း မြန်မာအသင်းခံစစ် ဖျက်ထုတ်နိုင်ခဲ့သဖြင့် မိနစ် ၉၀ အထိ သရေကျနေသော်လည်း နာကျင်အချိန်ပိုတွင် တရုတ်အသင်းက ပယ်နယ်တီနှစ်ဂိုးရကာ အနိုင်ရခဲ့သည်။ တရုတ်အသင်းအတွက် အနိုင်ဂိုးများကို ၉၀+၂ မိနစ်တွင် အာဖာယီဒင်၊ ၉၀+၅ မိနစ်တွင် အဗ္ဗဒူလာတို့က ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ဆော်ဒီအာရေဗျ၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ မော်လ်ဒိုက်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မြန်မာစံတော်ချိန် စက်တင်ဘာ ၁၂ ရက် **(ယနေ့)** ည ၉ နာရီ ၄၅ မိနစ်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- MFF**



မြန်မာနှင့် တရုတ် ယှဉ်ပြိုင်နေစဉ်။

*❊ ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းတွင် နိုင်ငံခြားသား ကစားသမားများလည်း ပါဝင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်အားပြုကစားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသဖြင့် အားကုန်ထုတ်ကစားခဲ့သည်။ ဒုတိယအကျော့တွင် ကစားပုံတည်ငြိမ်လာသည့် ဟံသာဝတီအသင်းသည် ခံစစ်ပိုင်းအမှားနည်းလာသဖြင့် ရခိုင်အသင်း ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၇၅ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူခဲ့သည်။ ဇင်မင်းထွန်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ဟံသာဝတီအသင်းသို့ ရောက်ရှိလာခြင်းဖြစ်ပြီး ဒုတိယမြောက်ပွဲတွင် ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲဖြင့် ထပ်မံရင်ဆိုင်ခဲ့ရသည်။

ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၁၁ ပွဲကစား ရမှတ် ၁၇ မှတ်ရထားပြီး ရခိုင်အသင်းမှာမူ ၁၁ ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ပွဲစဉ် (၁၁) တတိယနေ့အဖြစ် စက်တင်ဘာ ၁၂ ရက် **(ယနေ့)** တွင် GFA အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## မာယော့ကာကို ဂိုးပြတ်အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ ရီးရဲမက်ဒရစ်တို့ အမှတ်ပေးဇယား ဆက်လက်ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၅) မှ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် မာယော့ကာအသင်းတို့ ပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ထို့အပြင် ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် လာလီဂါတွင် ငါးပွဲကစားပြီး ရာနှုန်းပြည့်နိုင်ပွဲဆက်မှုကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ မာယော့ကာအသင်းသည် ပထမပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျအောင် ကစားထားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ခွင့်ပြုပေးခဲ့ရသော သွင်းဂိုးများကြောင့် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ခြေစွမ်းပြသနိုင်ခဲ့သည်ကို တွေ့ရပြီး မာယော့ကာအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၂၂ ကြိမ်အထိ ပြုလုပ်ထားနိုင်ကာ ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်တွင် သွင်းဂိုး လေးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် မာယော့ကာအသင်းက ယခုပွဲစဉ်တွင် သာမန်ခြေစွမ်းအောက် ရောက်နေခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ငါးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

ဦးဆောင်ဂိုးကို မာယော့ကာအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၃၅ မိနစ်တွင် မူရီကီက သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်၊ ၇၂ မိနစ်၊ ၈၉ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဗယ်ဗာဒီ၊ ဂျူနီယာ၊ ရိုဒရီဂိုနှင့် ရူဒီဂါတို့က သွင်းယူနိုင်ခဲ့သည်။

**အောင်ဇော်**

## ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ ဂျေဘီယာကို အနိုင်ယူပြီး ဆွီယာတက်ခ် ဖလားဆွတ်ခူး

**ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကမ္ဘာ့နံပါတ်တစ် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်နှင့် ကမ္ဘာ့အဆင့် (၅) ရှိ တူနီးရှားတင်းနစ်မယ် ဂျေဘီယာတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီယာတက်ခ်က အနိုင်ရရှိကာ ၂၀၂၂ ခုနှစ်အတွင်း ဒုတိယမြောက် အဓိက ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။**



ဆုဖလားနှင့်အတူ တွေ့ရသည့် ဆွီယာတက်ခ်

အသက် ၂၁ နှစ်အရွယ် ဆွီယာတက်ခ်သည် အဆိုပါပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၂၊ ၇-၆ (၇-၅) ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဆွီယာတက်ခ်သည် ယူအက်စ်အိုးပင်း ဆီမီးဖိုင်နယ်တွင် ဘယ်လာရုစ်တင်းနစ်မယ် ဆဘယ်လင်ကာကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၃-၆၊ ၆-၁၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။

ဆွီယာတက်ခ်သည် ယခုနှစ်တွင် ၃၇ ပွဲဆက် နိုင်ပွဲရရှိမှုမှတ်တမ်းနှင့်အတူ ပြင်သစ်အိုးပင်းဖလား အပါအဝင် ဆုဖလားခြောက်လုံးအထိ ဆွတ်ခူးရရှိထားသူဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လက ယှဉ်ပြိုင်ကစားခဲ့သည့် ဝင်ဘယ်ဒန်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ဘက် ကာဇက်စတန်တင်းနစ်မယ်ကို ရှုံးနိမ့်ပြီး ဖလားကိုင်မြှောက်ခွင့် လက်လွတ်ခဲ့ရသည့် တူနီးရှားတင်းနစ်မယ် ဂျေဘီယာသည် ယခု ယူအက်စ်အိုးပင်း ဗိုလ်လုပွဲတွင်လည်း ဆွီယာတက်ခ်ကို ရှုံးနိမ့်ကာ ဆုဖလားကိုင်မြှောက်ခွင့် လက်လွတ်ခဲ့ရပြီ ဖြစ်သည်။

၎င်းသည် ဆီမီးဖိုင်နယ်တွင် ပြင်သစ်တင်းနစ်မယ် ဂါစီယာနှင့် တွေ့ဆုံခဲ့ပြီး ၆-၁၊ ၆-၃ ဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်သူ ဖြစ်သည်။

## လာလီဂါပွဲစဉ် (၅) တွင် ကာဒစ်ဇ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် ဘာစီလိုနာ

စပိန်လာလီဂါပွဲစဉ် (၅) မှ ကာဒစ်ဇ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းက ကာဒစ်ဇ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကာဒစ်ဇ်အသင်းသည် ပထမပိုင်းတွင် ဘာစီလိုနာအသင်းကို ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် သွင်းဂိုးများဆက်တိုက်ခွင့်ပြုပေးခဲ့ရကာ ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၅ မိနစ်နှင့် ၆၅ မိနစ်တွင် ဒီဂျောင်နှင့် လီဝမ်ဒေါစကီးတို့က သွင်းယူပေးနိုင်ခဲ့သည်။ အသင်းအတွက် တတိယဂိုးနှင့် စတုတ္ထဂိုးကို ပွဲချိန် ၈၆ မိနစ်နှင့် မိနစ် ၉၀ တွင် ဖာတီနှင့် ဒမ်ဘီလီတို့က သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါပွဲစဉ် (၅) ကစားပြီးချိန်တွင် လေးပွဲနိုင်၊ တစ်ပွဲသရေကျကာ ရမှတ် ၁၃ မှတ်အထိ ရရှိလာပြီ ဖြစ်သည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ဆီဗီလာက အက်စ်ပန်ညိုကို သုံးဂိုး-နှစ်ဂိုး၊ ဗယ်လက်ကာနိုကဗလင်စီယာကို နှစ်ဂိုး-တစ်ဂိုး၊ အက်သလက်တီကိုမက်ဒရစ်က ဆဲလ်တာဗီဂိုကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## သတင်းတိုများ

- ဘာစီလိုနာသည် ဇန်နဝါရီတွင် မန်စီးတီးမှ ဘာနာဒိုဆေးဗားလ်ကို ခေါ်ယူလိုနေသည်။
- ပီအက်စ်ဂျီသည် ယခုနှစ်ရာသီတွင် ဂါလာတာစာရေး၌အငှားကစားနေသော အီကာဒီ၏ လုပ်ခလစာ ၉၀ ရာခိုင်နှုန်းကို ပေးချေရမည် ဖြစ်သည်။
- နယူးကာဆယ်သည် ဆန်းဒါးလန်းမှ ခရစ္စရစ်ဂ်ကို ပေါင် ၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ချိန်ရွယ်နေသည်။

## စီးရီးအေပွဲစဉ် (၆)တွင် ဆမ်ဒိုးရီးယားကို အေစီမီလန် အနိုင်ယူ

စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် စီးရီးအေပွဲစဉ် (၆)မှ ဆမ်ဒိုးရီးယားအသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်တွင် အေစီမီလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အေစီမီလန်အသင်းသည် ပြိုင်ဘက်ကို ပွဲချိန်တစ်လျှောက်ဖိအားပေးကစားနိုင်ခြင်း မရှိသော်လည်း ရရှိလာသည့် အခွင့်အရေးများကို အကောင်းဆုံးအသုံးချကာ နိုင်ပွဲရလဒ်ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အသင်းအတွက် သွင်းဂိုးများကို မက်ဆီးယပ်နှင့် ဂျီရုဒ်တို့က ပွဲချိန် ၆ မိနစ်နှင့် ၆၇ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။ ဆမ်ဒိုးရီးယားအတွက် ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် သွင်းယူရရှိခဲ့သည်။

အေစီမီလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် စီးရီးအေ ပွဲစဉ် (၆) အပြီးတွင် ရမှတ် ၁၄ မှတ်အထိ ရရှိလာပြီ ဖြစ်သည်။

**■ အောင်ဇော် - စုစည်းသည်**

# ဆရာတော်ဦးဥတ္တမနေ့အထိမ်းအမှတ်အဖြစ် ဆရာတော်၏ရုပ်တုအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဂါရဝပြုပူဇော်ကန်တော့

**စစ်တွေ စက်တင်ဘာ ၁၁**

(၈၃)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့ အထိမ်းအမှတ်အဖြစ် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှိ ဆရာတော်၏ရုပ်တုအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် ပြည်နယ်ဝန်ကြီးများက စက်တင်ဘာ ၉ ရက်တွင် ဂါရဝပြု လွှမ်းသူ့ပန်းခွေချ ကန်တော့ခဲ့ကြသည်။ (ယာပုံ)

ထို့အတူ ဆရာတော်ဦးဥတ္တမကို လွမ်းဆွတ်သတိရသည့်အနေဖြင့် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း ပန်းစည်း၊ ပန်းခွေများဖြင့် လာရောက်ဂါရဝပြုလျက်ရှိသည်။

(၈၃)နှစ်မြောက် ဆရာတော် ဦးဥတ္တမနေ့ကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ကျင်းပကာ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက ပန်းစည်း၊ ပန်းခွေများဖြင့် ပူဇော်ကန်တော့လျက်ရှိကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၉ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ (၈၃)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးမီးရှူးတန်ဆောင် အာရှနေဝန်းဆရာတော် ဦးဥတ္တမနေ့အထိမ်းအမှတ် "ဇာတိပုညဂုဏ်မာန" ရခိုင်လူငယ်များ စာပေအနုပညာ စွမ်းရည်မြှင့်ပြိုင်ပွဲကြီးတွင် ဆုအသီးသီးရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**




# မြဝတီမြို့၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကျင်းပ

**မြဝတီ စက်တင်ဘာ ၁၁**

ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတကြွယ်ဝတိုးတက်စေရန်နှင့် ကမ္ဘာ့အထိမ်းအမှတ်နေ့များနှင့်သက်ဆိုင်သည့် ဗဟုသုတများရရှိစေရန် ရည်ရွယ်ချက်များ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်နှင့် အောက်တိုဘာ ၅ ရက်တွင် ရောက်ရှိမည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပသည်။

အဆိုပါအထိမ်းအမှတ်နေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အထက်တန်းကျောင်းခွဲများနှင့် အခြေခံပညာအလယ်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုနေမှုကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်တို့က ကြည့်ရှုအားပေးသည်။

ယင်းသို့ အထိမ်းအမှတ်နေ့များအတွက် ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြရာတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသူ ခြောက်ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် "အကျွန်ုပ်ဆရာ" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသူ ၁၇ ဦး ကဗျာပြိုင်ပွဲယှဉ်ပြိုင်မှုတွင် "ဘဝလမ်းညွှန် ဆရာမွန်" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ လေးဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ လေးဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူ ကျောင်းသားကျောင်းသူများအား စက်တင်ဘာ ၁၉ ရက်တွင် ပြိုင်ပွဲခေါင်းစဉ်များအလိုက် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

**(ပြန်/ဆက်)**



# သဘာဝဘေးကြောင့် ပျက်စီးခဲ့သော လူနေအိမ် ၁၃ လုံးအတွက် ထောက်ပံ့ငွေပေးအပ်

**နမ္မတူ စက်တင်ဘာ ၁၁**

နမ္မတူမြို့နယ်၌ စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သော နေအိမ် ၁၃ လုံးအတွက် အိမ်ဆောက်ပစ္စည်းရန်ပုံငွေနှင့် ဆန်ရိက္ခာဖိုးငွေများကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးက စက်တင်ဘာ ၁၁ ရက်တွင် ထောက်ပံ့ပေးအပ်သည်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ အကြီးတန်းစာရေး ဒေါ်မြတ်သူနှင်းတို့က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လုံးဝပျက်စီးခဲ့သည့် ဟူးဆာကျေးရွာအုပ်စု လုံဂျာကျေးရွာရှိ နေအိမ်တစ်လုံး၊ မိုင်းတက်ကျေးရွာအုပ်စု မိုင်းဆင်ကျေးရွာရှိ နေအိမ်နှစ်လုံးတို့အတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းရန်ပုံငွေကျပ် နှစ်သိန်းစီနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပလတ်စတစ်ပုံး တစ်ပုံးစီကို လည်းကောင်း၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဟူးဆာကျေးရွာအုပ်စု လုံဂျာကျေးရွာရှိ နေအိမ် နှစ်လုံး၊ ပန်လုံကျေးရွာအုပ်စု မန်ဆာကျေးရွာရှိ နေအိမ် လေးလုံး၊ မိုင်းတက်ကျေးရွာအုပ်စု မိုင်းဆင်ကျေးရွာရှိ နေအိမ် လေးလုံး စုစုပေါင်း နေအိမ် ၁၀ လုံးတို့အတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းရန်ပုံငွေကျပ် ၅၀၀၀၀ စီကို လည်းကောင်း၊ အိမ်ထောင်စု ၁၃ စုမှ လူဦးရေ ၈၉ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးရိက္ခာငွေကျပ် ၁၈၆၉၀၀ ကို လည်းကောင်း ဘေးသင့်ပြည်သူများကိုယ်စား သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

**လူမော် (ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# တာချီလိတ်မြို့၌ ရေကြီးရေလျှံမှု ရေများပြန်လည်ကျဆင်းလျက်ရှိ



**တာချီလိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ စက်တင်ဘာ ၁၀ ရက်က မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း စက်တင်ဘာ ၁၁ ရက် နံနက်အစောပိုင်းမှစ၍ ရေများတဖြည်းဖြည်းပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၀ ရက်က မိုးများ အဆက်မပြတ်ရွာသွန်းခဲ့ရာ စက်တင်ဘာ ၁၁ ရက် နံနက်အစောပိုင်း ၁ နာရီခန့်တွင် မြစ်ရေသည် မြို့၏ စိုးရိမ်ရေမှတ် ၃၉၀ စင်တီမီတာထက် ကျော်လွန်မြင့်တက်ခဲ့ကြောင်း၊ သို့သော် နံနက် ၂ နာရီကျော်ခန့်မှစ၍ ရေများ တဖြည်းဖြည်း ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှု ကူညီကယ်ဆယ်ရေးအတွက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မင်းမင်းထွန်း ဦးဆောင်သော တပ်မတော်သားများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများ၊ လူမှုကူညီရေး ပရဟိတအသင်းဝင်များက ရေကြီးရေလျှံမှု အဆိုးရွားဆုံး ဖြစ်ပွားလေ့ရှိသောနေရာများ၌ အသင့်ပြင်ဆင်စောင့်ဆိုင်းခြင်း၊ ရေကင်းများ ချထားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခန့်တွင်မူ မြို့တွင်းရပ်ကွက်များနှင့်လမ်းမကြီးပေါ်၌ ရေတင်မှုများရှိသေးသော်လည်း ပြည်သူများ ပုံမှန်သွားလာလှုပ်ရှားလျက်ရှိပြီး တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးအတွက် အရေးပေါ် အစည်းအဝေး ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၃၈ ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၃၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၈၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မိတ္ထီလာမြို့နယ်မှ ကျေးရွာ ၁၈ ရွာ၊ မလှိုင်မြို့နယ်မှ ကျေးရွာရှစ်ရွာ၊ သာစည်မြို့နယ်မှ ကျေးရွာ ရှစ်ရွာနှင့် ဝမ်းတွင်းမြို့နယ်မှ ကျေးရွာလေးရွာတို့၌ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှ ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာလူထု၏ လုပ်အားများဖြင့် ဩဂုတ်လတတိယပတ်မှစတင်၍ သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများက ကြီးကြပ်ပြီး ကျေးရွာသူ ကျေးရွာသားများက အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။



ကျေးရွာတစ်ရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ရွာတွင်းလမ်းတစ်လမ်း။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့် ရေးဆွဲနည်းသင်တန်းများ ပို့ချခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန် ဦးစားပေးရွေးချယ်ခြင်း၊ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်၍ အဖွဲ့အစည်းနှင့် ဆောင်ရွက်တတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကြောင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေခြင်း၊ သဘာဝဘေးများနှင့် ကြုံတွေ့လာပါက တုံ့ပြန်မှုကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်စေခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လွိုင်လင်ခရိုင်၌ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးသင်တန်းဆင်း

**လွိုင်လင် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးဌာနဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်သိန်းနွဲ့ဦးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ လွိုင်လင်ခရိုင်၊ နမ့်စန်ခရိုင်နှင့် မိုင်းရှူးခရိုင်ရှိ မြို့နယ်များမှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ပြီး သင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာအခြေခံ အချက်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှု ဘာသာရပ်များကို ကျွမ်းကျင် ဆရာ ဆရာမများက စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ သင်ကြားပို့ချခဲ့သည်။

**ချိုသန်းညွန့် (ကျေးလက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**ရွာငံ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရွာငံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းမြတ်ထိုက်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းတွင် သင်ကြားပေးမည့် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ငွေစာရင်းပုံစံများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လက်ဖက်စိုက်တောင်သူအစုအဖွဲ့ ကျေးရွာလေးရွာဖြစ်သော မြစေတီကျေးရွာ၊ တပ်ကုန်းကျေးရွာ၊ မြသိန်းတန်ကျေးရွာနှင့် ရေချမ်းပြင်ကျေးရွာတို့မှ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင် ၃၀ တက်ရောက်ကြောင်း သိရသည်။ **ငြိမ်းသူ**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၆) အောင်မြေသာရပ်ရှိ အမှတ်(၄) လမ်း၌ စက်တင်ဘာ ၁၀ ရက်က စိန်ပန်းပင်လဲကျ၍ လမ်းပိတ်နေခြင်းကို ညောင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားပေးစဉ်။

(စိန်ပန်းပင်လဲကျမှုကြောင့် လူ/ ယာဉ်နှင့် တိရစ္ဆာန်၊ အဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရသည်။)

**ခရိုင်(ပြန်/ဆက်)**





# ပန်းခင်းစီမံချက်-၂ ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**မက်မန်း စက်တင်ဘာ ၁၁**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ “ပန်းခင်းစီမံချက်-၂” ဖြင့် ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၁၀ ရက်က အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများက မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခြင်းဖြစ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မက်မန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်နိုင်ရေးအတွက် မြို့ပေါ်နှင့် ကျေးရွာအုပ်စုများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |



စိုင်းအွမ်(ခ)အိုက်ရှန် နှင့် ပေါလိုတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နောင်ချိုမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နောင်ချိုမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညနေ ၃ နာရီတွင် နောင်ချိုမြို့နယ် မျက်ချီးနုကျေးရွာအုပ်စု မျက်ချီးနုကျေးရွာနေ မစန္ဒာခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီး၌ စိုင်းအွမ်(ခ)အိုက်ရှန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွား ကားလမ်းတွင် ပေါလိုမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မာ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ ပူးပေါင်းအဖွဲ့က သတင်းအရ ရန်ကုန်-မြဝတီလမ်းမကြီး မိုင်တိုင်အမှတ် ၉၇ မိုင် ခြောက်ဖာလုံ ရွှေဖြူရော်ဘာခြံအနီး ရှောင်ကွင်းလမ်းထိပ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရှောင်ကွင်းလမ်းအတွင်းမှ ထွက်ခွာလာသော Toyota Crown အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အားကစားဝတ်စုံနှင့် ဖိနပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၇၃၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ကြီးမှ မန္တလေးသို့ဝင်ရောက်လာသော ယာဉ်များတွင် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်နေကြောင်း သတင်းအရ ရန်ကုန်-မန္တလေး လမ်းဟောင်း ထုံးဘိုဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ စားသောက်ကုန် ပစ္စည်းမျိုးစုံ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၅၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော MITS-UBISHI FUSO အမျိုးအစား ခြောက်ဘီး မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်း တန်ဖိုးငွေကျပ် ၇၈၅၁၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ပုံ)** အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Toyota Wish အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ခပေါင်းကြိုးဝိုင်းအတွင်း ပျဉ်းကတိုးသစ် ၀ ဒသမ ၅၀၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၉၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၇ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၆၃၆၄၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**

# လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ စက်တင်ဘာ ၁၀ ရက်က လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး သိမ်းဆည်းရမိသည်။

စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အောင်မြေသာစံမြို့နယ် ကန်သာယာ ရပ်ကွက် ၅၈ လမ်း၊ ၁၀၄ လမ်းနှင့် ၁၀၅ လမ်းကြား၌ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ချမ်းမြသာစည်မြို့နယ် ကန်သာယာ ရပ်ကွက်နေ ဝင်းမျိုးထွန်း(ခ)မျိုးလေး ၂၅ နှစ် မောင်းနှင်လာသည့် 1D/--- MARK II ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ ဝင်းမျိုးထွန်း(ခ)မျိုးလေး ကို အောင်ပင်လယ်နယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ရေးမြို့နယ်၌ အရက်အတူသောက်စားစဉ် စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ်၌ စက်တင်ဘာ ၉ ရက်က အရက်အတူသောက်စားပြီး စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားသည်။

စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီခန့်က ရေးမြို့နယ် အာယုတောင် လမ်းဝနေ ရှိုင်းငြိမ်း(၂၃) နှစ်နှင့် တစ်ရပ်ကွက်တည်းနေ ဇင်မိုးအောင်(၂၄) နှစ်တို့ နှစ်ဦးသည် ရွှေဘိုမြို့နယ်နေ မိုးဝင်းနှင့်အတူ အာယုတောင်ကျေးရွာနေ ဦးနိုင်ထွန်း၏ ရော်ဘာခြံအတွင်း အရက်အတူသောက်စားပြီး စကားများရန်ဖြစ်စဉ် ရှိုင်းငြိမ်းနှင့် ဇင်မိုးအောင်တို့ နှစ်ဦးက မိုးဝင်းကို ပေါက်တူး၊ ကျောက်ခဲများဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သောကြောင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် ရှိုင်းငြိမ်းနှင့် ဇင်မိုးအောင်တို့ နှစ်ဦးအား ရေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ တက်ရောက်

**စစ်ကိုင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ စစ်ကိုင်းမြို့ နာရီခွဲက စစ်ကိုင်းမြို့ဆက်သွယ်ရေးတာဝါတိုင်အနီး၌ ကျင်းပသည်။ ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀



အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းနှင့် တာဝန်ရှိသူများက ရွှေဘိုငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းခွဲနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ တစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကို ငါးမျိုးများ စိုက်ထည့်ပေးကြောင်း သိရသည်။

သတင်းစဉ်

## မယ်ဆိုင်မြစ်ရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုကြရန်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ နံနက် ၀၀:၃၀ နာရီ ထုတ်ပြန်ချက်အရ မယ်ဆိုင်မြစ်ရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းရပ်ကွက်) ၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနိုင်ပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မယ်ဆိုင်မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သတင်းရရှိသည်။

မြန်မာ့အလင်း

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မာရ်အောင်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အဘယာရာမ စာသင်တိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်သဇင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက်နှင့် မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ကျောင်းလုံးသီရိနော်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မင်္ဂလာသာစည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သစ်ဆိမ့်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် အေးစေတီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လူကုန်ကူးမှု တာXားဆီးကာကွယ်ရေးအဖွဲ့က လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောခြင်းကိုစားသောက်ဆိုင်များနှင့် ကာရာအိုကေဆိုင်များရှိ ဝန်ထမ်း၊ အလုပ်သမားများကို ယမန်နေ့က သွားရောက်ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်း ဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာတွင် ဖွင့်လှစ်ထားသော Country Star ကာရာအိုကေနှင့် စားသောက်ဆိုင်ရှိ ဆိုင်ရှင်၊ ဝန်ထမ်းအလုပ်သမားများကို လူကုန်ကူးမှုနှင့် ပတ်သက်သည့် အန္တရာယ်ဆိုးကျိုးများ၊ ရှောင်ရန်/ဆောင်ရန်များကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့သစ်မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော ကာရာအိုကေဆိုင်နှင့် စားသောက်ဆိုင်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။ **သန်းဝင်းထွန်း(ပြန်/ဆက်)**





### အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၇၀)ရပ်ကွက်၊ အောင်ချမ်းသာ ၅လမ်း၊ မြေကွက်အမှတ် ၄၂၀/ခ၊ အကျယ်အဝန်း(၂၀'x၆၀')ရှိမြေကွက်သည် မြို့ပြ နှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးကျော်ရှိန် YDN-၀၈၅၅၉၁၊ မှတ်ပုံတင်စာရင်းအမှတ် ၂၆၁၈အရ ထွက်ရှိ မှတ်သားထားပြီး ဦးကျော်ရှိန်ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များအရတရားဝင်ဝယ်ယူထားသူ ဦးရာမာက(သ်) ၇/ဖမန(ပြု)၀၀၂၇၈၆မှ ၎င်းအားအဆိုပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား တရားဝင်ဝယ်ယူထားကြောင်း အခြားအရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှအဆိုပါမြေကွက်အား ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် အဆောက်အအုံအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အမှတ် (S-1)၊ အောင်ဆန်းကွင်း၊ ကန်တော်ကလေးလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၃၀၆၆၅၈၀

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မေခလမ်း၊ အိမ်အမှတ်(၃၂၀၃)၊ အလျား (၄၀)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်းရှိ ဝိုင်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲထွန်း(PMA ၂၇၃၉၃၇) မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံ ကတိပြုသူ ဦးရဲထွန်းနှင့် လက်ရှိဝယ်ယူထားသူ ဦးကျော်နိုင်ဦး ၇/တငန(နိုင်)၁၈၁၇၀၄ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇ္ဇာဦး ၁၃/သပန(နိုင်)၀၇၉၁၂၄ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဝိုင်းခြံမြေ၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ ဝိုင်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြော်ငြာချက် ပါသည့်ရက်မှ စ၍ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူမရှိပါက ဝိုင်းခြံမြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခိုင်သဇ္ဇာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သူသူငြိမ်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၂၄)
ဂေါ်မိတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ နေပြည်တော်၊ လယ်ဝေးမြို့
ဖုန်း-၀၉-၂၅၉၂၇၀၆၈၆

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6658 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၈/ပခက(နိုင်)၀၇၂၇၀၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မြင်းခြံ)

### ဖခင်အမည်မှန်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈/၃)၊ နာရဏီ ကျောင်းလမ်းနေ Grade-7 မှ မောင်သီဟကျော်၏ ဖခင်ဖြစ်သူ ဦးကျော်နိုင်ဦး၏ အမည်မှန်မှာ ဦးကျော်ခိုင်ဦး ၇/သနပ(နိုင်)၀၇၅၉၅၅ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နယ်နေ ကျွန်မ မစန်းစန်းဌေး ၁၄/ကကထ(နိုင်)၁၄၇၄၉၃ (ဘ)ဦးစိန်ဌေး၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၅၂၂၁၃၈


**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုများက သမိုင်းဝင်ကျိုက္ကလော့ စေတီတော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာမွေမြို့နယ် ရဲတပ်ဖွဲ့နှင့် မိတ်ဖက် အဖွဲ့အစည်းများ ပူးပေါင်းကာ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

မြန်မာ့အလင်း

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက်မကြီးရ။

(ဂ) အခြေခံပညာ အဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၁၃-၉-၂၀၂၂ ရက်နေ့မှ ၁၂-၁၀-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(ဖဖ/ဖ)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ခုနှစ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။

( ခ ) သက်ဆိုင်ရာ အထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာသန်စွမ်းသူဖြစ်ရမည်။

( ဂ ) အနုပညာဝါသနာပါသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။(မိတ္တူကိုတစ်ပါတည်းပူးတွဲလျှောက်ထားရမည်။)

၂။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည် –

| အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|
| (က) ဂီတပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| ( ခ ) သဘင်ပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| ( ဂ ) ပန်းချီပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) ပန်းပုပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| ( င ) ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု | ( ၄ ) နှစ် | ဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်) |

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ လည်းကောင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သို့ လည်းကောင်း လျှောက်ထား တက်ရောက်ကြရမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ ၂၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၇)ပုံတို့နှင့် ပူးတွဲလျက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၅ရက်မှ စတင်လျှောက်ထားနိုင်ပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက် နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ ရုံးချိန်အတွင်း တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက် နံနက် ၀၉:၀၀ နာရီတွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သင်တန်းဝင်ခွင့်ရအောင်စာရင်းကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၈ရက်တွင် စွယ်တော်ဆောင်ရှိ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ သင်တန်းဝင်ခွင့်ရ အောင်စာရင်းကို သင်တန်းရေးရာဌာန၊ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး တက္ကသိုလ်(၂)ခုလုံး၏ ပထမနှစ်သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၌ စတင်ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဌာနမှူး(သင်တန်းရေးရာ) တယ်လီဖုန်းအမှတ်– ၀၉–၄၂၁၀၁၂၈၀၈၊ ၀၁၃–၅၉၀၂၅၂၊ မော်ကွန်းထိန်း တယ်လီဖုန်းအမှတ်–၀၉–၇၈၈၁၈၉၁၈၀၀၊ ၀၁၃–၅၉၀၂၅၄သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ဌာနမှူး (သင်တန်းရေးရာ) တယ်လီဖုန်းအမှတ် ၀၉–၂၀၄၀၁၈၄၊ ၀၉–၂၅၀၀၇၆၂၂၀၃၊ မော်ကွန်းထိန်း တယ်လီဖုန်းအမှတ် ၀၉–၄၀၀၄၀၄၁၇၂ နှင့် ရုံးခွဲ–ဖုန်း–၀၉–၄၂၆၆၆၈၆၇၂ တို့သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(စိုးစိုးနိုင်)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

### ပတ်စ်ပို့ပျောက်

ကျွန်မ မသီဂီထွန်း ၈/ငဖန(နိုင်)၀၅၁၁၄၅၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၆၆၆၂၆**

### အမည်မှန်

မိတ္ထီလာမြို့နယ်၊ အလကရှမ္မငယ် ၊Grade–8မှ မောင်သကြ်န်ကိုကိုနှင့် Grade–2မှ မချစ်စနိုးဦးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် ၉/မထလ(နိုင်)၂၄၅၂၅၅ ဖြစ်ကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1614 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

### ပတ်စ်ပို့ပျောက်

ကျွန်မ မဝေနှင်းဇော် ၈/မဘန(နိုင်)၁၀၃၅၆၂၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၆၆၆၂၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/36011 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ရေကူး/ဒိုင်ဗင် ပဏာမလက်ရွေးစင်ရွေးချယ်ပွဲ ကျင်းပပြုလုပ်ရန် အသိပေးကြေညာချက်

၁။ ၂၀၂၃ ခုနှစ်၊ မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရေကူး/ဒိုင်ဗင်အားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမလက်ရွေးစင် အားကစားသမားရွေးချယ်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ၁၈–၁၀–၂၀၂၂ရက်မှ ၁၉–၁၀–၂၀၂၂ရက်အထိ ရေကူး/ဒိုင်ဗင်ပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များစုံစမ်းရန်နှင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် အမည်စာရင်း ပေးသွင်းလိုသူများအနေဖြင့် ဒေါ်ဖြိုးပိုပိုထွေး၊ လ/ထညွှန်ကြားရေးမှူး၊ အနောက်ပိုင်းခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဖုန်း–၀၉–၄၂၁၀၄၇၈၀၃နှင့် ဒေါ်အိဇင်ဖြိုး၊ အုပ်ချုပ်ရေးမှူး၊ အမျိုးသားရေကူးကန်၊ ဖုန်း–၀၉–၄၄၈၈၄၄၈၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/67494 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူဦးဇော်ဝင်း ၉/သစန(နိုင်)၁၀၀၄၁၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3962 Nay Min L/T CNM LT–01ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြဟန် ၉/ဝတန(နိုင်) ၁၀၀၇၇၉က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### ( တရားမကျင့်ထုံးကိုဥပဒေအမိန့်– ၅ ၊ နည်းဥပဒေ –၂၀)
### သရက်မြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၂

ဒေါ်အိအိခိုင် **( တရားလို )** နှင့် ဦးဌေးအောင် **( တရားပြိုင်)**

သရက်မြို့နယ်၊ ပြည်တော်အေးရပ်ကွက်၊ ကန်တော်မင်လမ်းတွင် နေထိုင်သော တရားပြိုင်ဦးဌေးအောင် ( ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အိအိခိုင်က “လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အချက်များကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ စက်တင်ဘာ၂၂ရက် (၁၃၈၄ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလို ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိသူဇာမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သရက်မြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ ဗဟိုလမ်းမပေါ်ရှိ တိုက်အမှတ် (၅)၊ ၃လွှာ(အေ)၊ အလျား ပေ(၁၂ ၁/၂) ၊အနံ ပေ(၅၀)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ခင်မြိုင်ဦး ၈/တတက(နိုင်)၀၈၃၈၆၂၊ ဒေါ်ခင်သော်တာအောင် ၈/တတက(နိုင်)၀၈၃၉၁၃ ၊ဒေါ်ခင်သူဇာအောင် ၉/သစန(နိုင်)၀၁၀၄၅၅တို့ထံမှ ကျွန်ုပ်ဒေါ်ချိုချို ၁၂/ကမရ(နိုင်)၀၂၉၅၅၁က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေချထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါရှိသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်ချိုချို**
**၁၂/ကမရ(နိုင်)၀၂၉၅၅၁**
**အမှတ်(၇)၊ မဟာဗောဓိ(၃)လမ်း၊ လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန်မြို့**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၂၁) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၅-လွှာ(အေ)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်အေးအေးခိုင် ၈/မထန(နိုင်)၀၉၈၅၁၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘုမောင် (LL.B) (စဉ် – ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၁၈၀၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉– ၅၁၈၃၅၆၉**

### မြေကွက်ပိုင်ရှင်ဖြစ်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ သီပေါလမ်း၊ အမှတ်–(၁၄၇၈) နေ ဒေါ်ကြည်ကြည်ထွန်း ၁၂/ဗဟန(နိုင်)၀၁၆၈၅၅ သည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၀)ရပ်ကွက်၊ရေနံ့သာ(၂)လမ်းနှင့် ရေနံ့သာလမ်းထောင့်ရှိ မြေကွက်အမှတ်(၅၈)၊ အကျယ်(၄၀ပေx၆၀ပေ)ရှိသောမြေကွက်၏ ခေါင်းရင်းခြမ်း (၂၀ပေx၆၀ပေ)အကျယ်ရှိ မြေကွက်၏ပိုင်ရှင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဒေါ်ကြည်ကြည်ထွန်းထံသို့ တိုက်ရိုက်ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဒင် (စဉ်–၇၃၃၁) ဒေါ်အောင်ကျော်မ (စဉ်–၁၂၅၈၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၈၃)၊ အခန်း (၁၃/၃)၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉ ၅၄၀၂၇၇၄**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးမင်းလတ်၈/မဘန(နိုင်)၀၈၉၈၃၀၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၄၃၈၈၃၄၃**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးနိုင်လင်း ၈/မသန(နိုင်)၁၅၆၈၆၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၆၆၆၂၆**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်စိုးဌေး ၈/ခမန(နိုင်)၁၆၅၃၅၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၉၃၀၈၃၃**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဇော်လင်းထွန်း ၈/မလန(နိုင်)၀၉၁၃၇၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၆၆၆၂၆**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂/လက်ပံခါးလှ (အောင်ဇမ္ဗူ)ရှိ ဦးဇော်ဇော် (ဘ)ဦးမြဝင်း ၉/ပမန(နိုင်) ၂၂၀၀၃၉ အမည်ပေါက် မြေကွက်အမှတ်(၃၃၉)၊ ဧရိယာ ၀ ဒသမ ၀၄၀ အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်သူရ(ဘ)ဦးတင်ရွှေ ၁၀/သဖရ(နိုင်)၀၀၀၈၃၀မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၀/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဝင်းကမ္ဘာဆောက်လုပ်ရေးမှ ပိုင်ဆိုင်သည့် တိုက်ခန်းများနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၆ ရပ်ကွက်၊ ပိတောက်ရွှေဝါ–လမ်း၊ အမှတ် – ၅/ခ နေ ဒေါ်မြင့်မြင့်သန်း ၁၁/ကဖန(နိုင်)၀၀၂၆၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်သန်းသည် ဝင်းကမ္ဘာဆောက်လုပ်ရေးအမည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်လာသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဆောက်လုပ်ခဲ့သည့် အခန်းပေး၊ အခန်းယူ ကန်ထရိုက်တိုက်များ၌ ကန်ထရိုက်တာ ကျွန်ုပ်မိတ်ဆွေ ဝေစုတိုက်ခန်းများ ရောင်းချရန်ကျန်ရှိခဲ့ပါသည်။ အဆိုပါကျန်ရှိနေသည့်တိုက်ခန်းများ ကျွန်ုပ်မိတ်ဆွေအနေဖြင့် မည်သူတစ်ဦးယောက်ကိုမျှ တရားဝင်လုပ်ပိုင်ခွင့် လွှဲအပ်ထားခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းများအား ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းတို့မပြုလုပ်ကြရန် အလေးအနက်သတိပေးကြေညာအပ်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်အောင်စိုး LL.B, C.B.L.D.B.L, D.I.L ( စဉ်–၁၁၂၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆–က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၄၀၃၁၈၃၊ ၀၁–၆၆၆၉၃၄**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/13173 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီဝင်း ၉/မထလ(နိုင်)၀၆၆၂၃၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/1319 Daihatsu Hijet S200P ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံအောင် ၉/မထလ(နိုင်)၂၉၃၆၃၉ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀၈ကေရှိ ဦးမောင်မောင်မြင့် ၁၂/ဥကတ(နိုင်)၀၅၈၃၂၁ (ဘ) ဦးမောင်ဆိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၂၃၇၁၈)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်၈၂၉၃/၂၀၂၂ (၂၃–၅–၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်တင်မာနွဲ့ ၈/ပခက(နိုင်)၁၅၅၂၃၂ (ဘ) ဦးဝင်းမောင်မှ ဦးမိုးမင်းအောင် ၁၂/ရကန(နိုင်)၀၀၉၉၀၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အိမ်အမှတ်(၂၃)ဟုခေါ်တွင်သော ဦးစိုးရင်(KI/RGN–၀၂၃၄၃၀) အမည်ပေါက် မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၆၆)၊ အလျား ၆၀ ပေ x အနံပေ ၄၀ ရှိ မြေ၏ခြေရင်းဘက်ခြမ်း အလျားပေ ၆၀xအနံပေ၂၀ရှိမြေနှင့် မြေပေါ်ရှိနေအိမ်ကို ပိုင်ရှင်ဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိစဉ် ရောင်းချခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်သန္တာစိုး(ခ)ဒေါ်ချစ်မမ ၁၀/ကထန(နိုင်)၀၆၉၅၃၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဖြိုးရဲရင့်ကျော် ၁၂/ဒဂတ(နိုင်)၀၇၇၃၈၉က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက သတ်မှတ်ရက်ကျော်လျှင် အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးဖြိုးရဲရင့်ကျော်**
**၁၂/ဒဂတ(နိုင်)၀၇၇၃၈၉**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေမီသက် LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်–၄၈၄၇၆)**

**ဦးကျော်ဆန်းနိုင်**
**B.A(Law),LL.B,D.B.L,D.M.L, D.I.L, D.A.Psy, Dip In English, M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ၊**
**(စဉ်–၁၉၂၉)**
**ဖုန်း–၀၉–၅၁၆၃၅၄၂**

**တိုက်အမှတ် ၉/၁၁၊ အခန်းအမှတ် ၀၀၄(မြေညီ)၊ ၃၆(အောက်)လမ်း၊ ကျောက်တံတားမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ်(၁၃/ခ၁+၁၃/ခ၃) ဒေါ်သီရိနွယ် အမည်ပေါက် နှစ်(၆၀) ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော May Inya အဆင့်မြင့်အိမ်ရာ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ် (၁၄/AA၊ ၁၄/AA-2)ဟု ခေါ်တွင်သော ကားပါကင်အပါအဝင် (၁၀)ထပ် အဆောက်အအုံရှိ ကွန်ဒို အခန်းအမှတ် (4-B)၊ LEVEL-4 ၊ အကျယ်အဝန်း 1230 စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ဦးကျော်စိုးမင်း ၁၂/စခန(နိုင်)၁၅၉၉၇၈၊ ဒေါ်သီရိနွယ် ၁၂/ဗဟန(နိုင်)၀၈၂၈၅၁၊ အမှတ်(၁၁၄/အေ)၊ နတ်မောက်ရိပ်သာလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေသူတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်/၁၆၁၉၆**
**ဖုန်း- ၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်/၇၅၁၅**
**ဖုန်း- ၀၉-၈၆၃၅၁၂၂**

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် (၅၂၁) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် ရစ်ထပ်ခွဲတိုက်၏ ယာဘက်ခြမ်း ပထမထပ်နှစ်လွှာရှိ အကျယ်အဝန်း (၁၉ x ၅၄) ပေရှိ မီနီကွန်ဒိုတိုက်ခန်း တစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိ၍ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သီရိဇော်ထွန်း ၈/ပမန(နိုင်)၀၉၃၆၂၆ ထံမှ ကျွန်ုပ်တို့မိတ်ဆွေများက လွှဲပြောင်းဝယ်ယူရန်အတွက် ၁၁-၉-၂၀၂၂ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ဒေါ်သီရိဇော်ထွန်း၏ကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်သူ ဦးအောင်နိုင်သူ ၁၂/သလန(နိုင်)၀၃၄၀၅၁ ထံသို့ စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမျိုးမောင်မောင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၈၄)**

**ဒေါ်ပြည့်ပြည့်ပပစိုး**
**အထက်တန်းရှေ့နေ (စဉ်-၅၃၄၆၀)**

**တိုက် (၁၇)၊ အခန်း (၁)၊ ကြို့ကုန်းရိပ်သာ၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၉၉၁၉၉၆၉၊ ၀၉-၇၃၁၆၁၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၆၅) B ဟု ခေါ်တွင်သော Kabaraye Executive Residence (KER) ၏ ကွန်ဒိုတိုက်ခန်း (10-A)၊ ၁၀ လွှာ၊ အခန်း (A)၊ အကျယ်အဝန်း 1662.8 စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အခိုင်အမာ စွဲကပ်တပ်ဆင်ပြီးသည့်အခန်းတွင်း ပါဝင်ပစ္စည်းစာရင်းအရပ်ရပ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား Living Square Construction Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ် – 111367930) ကုမ္ပဏီများ၏ကိုယ်စား MD ဒေါ်အေးအေးသွယ် ၁၂/လမန(နိုင်)၁၂၇၁၆၄ထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၇၅၁၅)**
**ဖုန်း-၀၉-၈၆၃၅၁၂၂**

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက၊ ကွင်းကောက်၊ Grade-11 (C) မှ မနန္ဒာ၏ အမည်မှန်မှာ မနှင်းနန္ဒာအောင် ဖြစ်ပါကြောင်း။

**မနှင်းနန္ဒာအောင်**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ အနောက်မြောက်ရပ်ကွက်၊ ကွင်းအမှတ်(၂N)၊ အနောက်လမ်းမတော်ရပ်၊ ဦးပိုင်အမှတ်(၃၂a)၊ ဧရိယာ ၀ ဒသမ၀၄၇ကေရှိ မြေကွက်သည် မူလတွင် ဒေါ်အေးသာ(ခ)ဒေါ်ခင်တီပါ သုံးဦးအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားရာမှ အဆိုပါမြေကွက်ကို ဒေါ်မိမိသန်း၊ ဒေါ်နှင်းနှင်းလွင်တို့မှ ၂၁-၄-၂၀၂၂ ရက်တွင် အိမ်ခြံမြေ အကျိုးခံစားခွင့်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကို မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၁၁/၂၀၂၂) B1V ဖြင့် စာချုပ်ချုပ်ဆိုပြီးနောက် ဒေါ်မိမိသန်း၊ ဒေါ်နှင်းနှင်းလွင်တို့အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၁-၉-၂၀၂၂ ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

သင့်စီးပွားရေး
လုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8867 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/9855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ (တိုးချဲ့)မဟာရာလမ်း၊ မြေကွက်အမှတ်(၅၇၀)၊ ဧရိယာပေ (၄၀x၆၀)ရှိဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း ဧရိယာပေ (၂၀ x ၆၀)ဂရန်မူရင်းမြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရွှေဝါထွန်း ၁၂/လမန(နိုင်)၁၀၀၉၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာစိုး ၁၂/ရပသ(နိုင်)၀၅၂၁၅ ကအပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒေါနလမ်း၊ မြေကွက်အမှတ်(၅၃၇)၊ ဧရိယာပေ (၄၂ x ၆၀)ရှိ ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ဧရိယာပေ (၂၂ x ၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်စန္ဒာခင် ၁၂/ဥကတ(နိုင်)၁၂၁၂၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်ထွေး ၁၂/လသယ(နိုင်)၀၅၇၅၀၄ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၏ကျက်သရေတော်ဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့်လျှပ်စစ်မီးအဆင့်မြင့် ထွန်းညှိပူဇော်နိုင်ရေးအတွက် အလှူရှင်များအားဖိတ်ခေါ်ကြေညာခြင်း

ပုသိမ်မြို့၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့်အရန်စေတီတော်များအား ပိုမိုတင့်တယ် သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးမြော်နိုင်စေရန်ရည်သန်လျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုတို့ဖြင့် စေတီတော်မြတ်ကြီးနှင့် အရန်စေတီတော်များတွင် လုံးတော်ပြည့်လျှပ်စစ်မီးများ၊ အဆင့်မြင့်လျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်း၊ ရင်ပြင်တော်တန်ဆောင်းများတွင်လည်း အဆင့်မြင့်လျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်းလုပ်ငန်းအတွက် ဆောင်ရွက်နေပြီဖြစ်ရာ အလှူရှင်များအနေဖြင့် စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ပါဝင်ဆက်သွယ်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ** – ၀၉-၄၂၈၅၅၂၀၀၉၊ ၀၉-၆၉၉၅၅၅၄၄၇၊ ၀၉-၇၈၉၃၉၀၃၁၈၊ ၀၄၂-၂၄၂၇၇၊ ၀၄၂-၂၅၂၉၈ ထံသို့လည်းကောင်း၊ ဆက်သွယ်နိုင်သည့်အပြင် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ငွေစာရင်းအကောင့်နံပါတ် CF-004846 သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ ပုသိမ်မြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ အကွက်နံပါတ်(၁၆)၊ မြေကွက်အမှတ်(၅၀၆)ဟု ခေါ်တွင်သော (၂၀ ပေx ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၀၆)၊ ရွှေကံ့ကော်(၂)လမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ အဆောက်အအုံအား ပိုင်ရှင် ဒေါ်သုသုဝင်း ၁၂/ဒဂန(နိုင်) ၀၇၃၂၉၄ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်မ၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲ (တရားလွှတ်တော်ရှေ့နေ)**
**LL.B, D.B.L, D.I.L, ABE (UK)**
**အမှတ်(၃၄)၊မြေညီ၊ အနောက်အာဇာနည်လမ်း၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၁၁၅၀၉**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် (၁)ဒေါ်မြမြမြင့် (OPO-098606)၊ (၂)ဒေါ်ဟန်နွဲ့ (OPO-066984) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၇၇/ခ)၊ အကျယ်အဝန်းပေ(၄၂x၆၀)ရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ (ခြေရင်းခြမ်း) ပေ(၂၀x၆၀)ရှိ ဂရန်မိတ္တူ ခြမ်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်နှင်းနှင်းအောင် ၁၂/သဃက(နိုင်)၀၄၁၀၂၈ က ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင် အထက်တန်းရှေ့နေ**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ ၃၉/အေရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဘိုးအောင် (CJ-048568) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၂၅/ခ)၊ အကျယ်အဝန်း(၂၀x၆၀) ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မင်းမင်းထွေး ၁၂/ဒဂတ(နိုင်)၀၇၇၅၉၆ က ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့် ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင် (စဉ်-၃၁၁၄၆)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ (၃၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကွမ်းခြံ(၇)လမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ထားသည့် စုပေါင်းအဆောက်အအုံ တိုက်အမှတ်(၁၁)၊ အခန်း (၃၀၉)၊ တတိယထပ်၊ (၄)လွှာ/ဘယ်၊ အကျယ်အဝန်း အလျား x အနံ (၁၂-၁/၂ x ၅၀) ပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်မြ မှတ်ပုံတင်အမှတ် (AB-၀၄၅၆၁၉)ထံမှ အပြီးအပိုင်ရောင်းချသူသည် အရောင်းအဝယ်ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီး၊ အပြီးအပိုင်ရောင်းချသူထံမှ ကျွန်ုပ်သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ၊ ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်များအတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးပု**
**၁၂/ကမရ(နိုင်)၀၀၆၀၂၂**
**(၁၇)၊ ငါးလွှာ၊ ဦးစံညိမ်းလမ်း၊ စမ်းချောင်း၊ ဖုန်း-၀၉-၂၆၁၆၆၁၂၇၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မြရည်နန္ဒာမြို့သစ်၊ ဗ-၁၂၊ ချမ်းမြသာစည်မြို့နယ်နေ ဦးသန်းဇော်ဦး ၉/မရတ(နိုင်)၁၁၀၈၃၄ နှင့် ဒေါ်သင်းသင်းမျိုး ၉/မနမ(နိုင်)၀၀၄၃၅၅ တို့၏သမီးဖြစ်သူ ဒေါ်ပွင့်ဖြူစံ ၉/ခမစ(နိုင်)၀၃၂၉၀၈ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**မိဘ – ဦးသန်းဇော်ဦး–ဒေါ်သင်းသင်းမျိုး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း (တင်ဒါအမှတ် - ၅ / ၂၀၂၂-၂၀၂၃)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်းအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောဘိလပ်မြေ ၃၀၀၀ တန် (Lot-2)နှင့် မြစ်ကျောက်စရစ် (၆၀၀၀) ကျင်း(Lot-3) တို့အား ဒုတိယအကြိမ် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများ စတင်** – ၂-၉-၂၀၂၂ ရက်၊ နံနက် ၉:၀၀ နာရီ
**ရောင်းချမည့်ရက်နှင့်အချိန်**
**တင်ဒါလျှောက်လွှာများနောက်ဆုံး** – ၁၅-၉-၂၀၂၂ ရက်၊ ညနေ ၁၆:၀၀ နာရီ
**ရောင်းချမည့်ရက်နှင့်အချိန်**
**တင်ဒါလျှောက်လွှာများနောက်ဆုံး** – ၁၆-၉-၂၀၂၂ ရက်၊ ညနေ ၁၆:၀၀ နာရီ
**လက်ခံမည့်ရက်နှင့်အချိန်**

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂) တည်ဆောက်ရေး၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ-တွဲဖက်)ရုံး၊ မုံရွာမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၇၁-၂၀၂၃၂၂၉ ၊ ၀၉-၆၉၉၉၀၀၅၅၉

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်လွတ်ကျေးရွာနေမောင်ခွန်ထွန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ရီ ၁၃/ဟပန(နိုင်)၀၄၂၂၉၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၅N)၊ ဈေးချိုရပ်၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ ၀ ဒသမ ၀၈၆ကေရှိ မြေကွက်သည် မူလတွင် ဒေါ်ဝင်းကြူအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားရာမှ အဆိုပါမြေကွက်ကို ဒေါ်အေးအေးသိန်းမှ ၂၁-၂-၂၀၂၂ရက်တွင် အိမ်ခြံမြေ အကျိုးခံစားခွင့်အား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကို မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၂၄/၂၀၂၂) B1Vဖြင့် စာချုပ်ချုပ်ဆိုပြီးနောက် ဒေါ်အေးအေးသိန်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၁-၉-၂၀၂၂ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုတောင်ရပ်ကွက် ၊ ကွင်းအမှတ်(၅S)၊ ဈေးချိုရပ်၊ ဦးပိုင်အမှတ် (၁၀၃)၊ ဧရိယာ ၀ ဒသမ ၀၉၃ ကေရှိ မြေကွက်သည် မူလတွင် ဦးထွန်းကြည်+ဒေါ်စန်းလွင် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားရာမှ အဆိုပါမြေကွက်ကို ဒေါ်ကြည်ကြည်လွင် ပါ၄ဦးတို့မှ ၆-၇-၂၀၂၂ ရက်တွင် အိမ်ခြံမြေ အကျိုးခံစားခွင့်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကို မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌စာချုပ်အမှတ် (၁၄/၂၀၂၂) B1Vဖြင့် စာချုပ်ချုပ်ဆိုပြီးနောက် ဒေါ်ကြည်ကြည်လွင် ပါ ၄ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၁-၉-၂၀၂၂ ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြစီမံကိန်း(၂)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်- ၂၀၅ ဟုခေါ်တွင်သော မြေအကျယ်အဝန်း(အလျားပေ ၆၆ x အနံပေ ၄၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျားပေ ၆၆ x အနံပေ ၁၀) အိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်စုစုလှိုင် ၁၂/ဥကတ(နိုင်)၁၈၇၂၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ဝင်းဝင်းကြည် ၁၂/ဥကတ(နိုင်)၂၀၆၅၃၅ နှင့် ဒေါ်မေမြတ်မိုး ၁၂/ဥကတ(နိုင်)၂၀၆၅၃၆တို့ က ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သီဂီအေး (စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း- ၀၉-၄၂၀၀၆၉၁၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်ခင်မျိုးချစ် ၉/လဝန(နိုင်)၀၅၁၅၆၅ (ဘ) ဦးကြီးမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၃၀၄၈၀)ကို လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄/၂၀၂၁ (၂၈-၉-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စံစံဝင်း ၁၁/စတန(နိုင်)၀၁၀၅၉၇ (ဘ) ဦးကြွင်းလှအောင်မှ ဒေါ်ခမ်းမိုင် ၁၃/နခန (နိုင်)၀၅၈၄၈၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီ ကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုသိမ် - ဟင်္သာတ - ကြံခင်း အစုန် / အဆန် အမြန်ရထားများစတင်ပြန်လည်ပြေးဆွဲ

**ဟင်္သာတ စက်တင်ဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားတိုင်း ၉ မှ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရေးနှင့် မိမိတို့သွားလိုရာသို့ အချိန်တိုအတွင်း သွားလာနိုင်ရေးအတွက် ပုသိမ်-ဟင်္သာတ-ကြံခင်းသို့ ၁၈၁ အဆန်အမြန်ရထားနှင့် ၁၈၂ အစုန်အမြန်ရထားများကို စက်တင်ဘာ ၁၁ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲပေးနေကြောင်း သိရသည်။

ယနေ့တွင် ကြံခင်းဘက်မှ ပုသိမ်သို့ ၁၈၂ အစုန်ရထားသည်

*စာမျက်နှာ ၁၂ ကော်လံ ၄* ❑




## လေဖိအားနည်းရပ်ဝန်း (၂၄) နာရီအတွင်း အားလျော့သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် တောင်ပိုင်းကမ်းလွန်နှင့် အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ) အနီးတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် တောင်ပိုင်းကမ်းခြေတွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် (၂၄) နာရီအတွင်း အိန္ဒိယနိုင်ငံ ကုန်းတွင်း၌ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

### ယနေ့ သတင်းအညွှန်း


ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၉ ဦးအနက် ၁၇၃ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ် — ပြည်တွင်းသတင်း စာ - ၁၅

ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ — ပြည်တွင်းသတင်း စာ - ၁၉

ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ ဂျေဘီယာကို အနိုင်ယူပြီး ဆွီယာတက်ခ် ဗလားဆွတ်ခူး — အားကစားသတင်း စာ - ၂၂


## ဟံသာဝတီအသင်း ဒုတိယအကျော့ နှစ်ပွဲဆက်တိုက် အနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ဒုတိယနေ့အဖြစ် ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ စက်တင်ဘာ ၁၁ ရက်က ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဟံသာဝတီအသင်းသည် ဒုတိယအကျော့ နှစ်ပွဲဆက်တိုက် အနိုင်ရလာပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဖိအားပေးလာနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ၁၁ ပွဲဆက်တိုက် အရေးနိမ့်ခဲ့ပြီး ယခုအချိန်ထိ နိုင်ပွဲနှင့် ရမှတ်ရယူနိုင်ခြင်းမရှိသဖြင့် တန်းဆင်းဇုန်မှလွတ်ရန် ဖိအားပိုများလာပြီဖြစ်သည်။

*စာမျက်နှာ ၂၂ ကော်လံ ၄* ❄



ဟံသာဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MNL